# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၆ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၁၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

## နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးနှင့်သက်ဆိုင်ပြီး အလွန်အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်

### နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေလည်း တိုးတက်လာမှာပဲဖြစ်

နေပြည်တော် မေ ၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကျင်းပ** — ပြည်တွင်းသတင်း စာ ၉

**ကိုဗစ် - ၁၉ ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး အရေးပေါ်အခြေအနေမဟုတ်တော့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ကြေညာ** — နိုင်ငံတကာသတင်း စာ ၁၃

# စည်းလုံးညီညွတ်ခြင်းမှစ၍ ဖွံ့ဖြိုးတိုးတက်ခြင်းဆီသို့

ဖွံ့ဖြိုးတိုးတက်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့က တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ မစည်းလုံး မညီညွတ်ပါက တည်ငြိမ်အေးချမ်းခြင်းကို မရရှိနိုင်။ တည်ငြိမ်အေးချမ်းခြင်းမရှိပါက ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်၍ မရနိုင်သည့်အတွက် မဖွံ့ဖြိုး မတိုးတက်နိုင်။ ရှေးကတည်းက ရာစုနှစ်ပေါင်းများစွာ အတူတကွနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုကြီးအတွင်းမှ တိုင်းရင်းသားလူမျိုးများအကြား သံသယများ၊ သွေးခွဲမှုများကို မိုင်ပေါင်းထောင်နှင့်ချီ၍ ဝေးကွာသည့်အရပ်မှ လာရောက်ကျူးကျော်နယ်ချဲ့ခဲ့ကြသူများက ကောက်ကျစ်စဉ်းလဲစွာ ဖန်တီးခဲ့ခြင်းမှ အစပြုကာ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ရရှိအောင် ဆယ်စုနှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ၊ မဆုတ်မနစ် ကြိုးပမ်းတည်ဆောက်နေကြရဆဲဖြစ်သည်။

“နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးနှင့်သက်ဆိုင်ပြီး အလွန်အရေးကြီးသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ ပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေလည်း တိုးတက်လာမှာပဲဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) တွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

စင်စစ်အားဖြင့် နယ်စပ်ဒေသများဆိုသည်မှာ နိုင်ငံတော်ကြီး၏ တစ်ဆက်တစ်စပ်တည်းသော အစိတ်အပိုင်းများပင်ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ နယ်စပ်ဒေသများလည်း ရေမြင့်လျှင်ကြာတင့်သည့်နှယ် ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများမှာ ဆက်စပ်နေသည့် တစ်ဖက်နိုင်ငံများတွင်လည်း ရှိနေကြပြီး ၎င်းတို့နေထိုင်ရာ နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလိုက်၍ ဖွံ့ဖြိုးတိုးတက်မှုများ ခံစားရရှိနိုင်ကြသည်ကို တွေ့ရှိနိုင်သည်။ အိမ်နီးချင်းနိုင်ငံအများစုမှာ နိုင်ငံအတွင်းနှင့်တကွ နယ်စပ်ဒေသများအထိ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့ကို ရရှိထားကြခြင်းကြောင့် နယ်စွန်နယ်ဖျားများအထိ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးထားနိုင်ကြရာ နယ်စပ်ဒေသနေ ၎င်းတို့၏တိုင်းရင်းသားများမှာလည်း ဖွံ့ဖြိုးတိုးတက်မှုကို ခံစားနိုင်ကြသည်။

“မိမိတို့တိုင်းပြည်သည် နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့်တိုင်း အစွန်အဖျားများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်ရကြောင်း၊ အာဆီယံတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်နိုင်ငံ လေးနိုင်ငံတွင် ပါဝင်နေကြောင်း၊ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများနည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားနေသည်ကို ဆန်းစစ်ချက်များအရတွေ့ရကြောင်း၊ အဆိုပါအချက်များကြောင့် မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်ရန်လိုနေသေးကြောင်း” ဖြင့်လည်း နိုင်ငံတော်အကြီးအကဲက ပြောကြားခဲ့ရာ နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေများပင်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် စည်းလုံးညီညွတ်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုလည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်စည်းတစ်လုံးတည်းသော အင်အားစွမ်းပကားဖြင့် မဖြစ်မနေ တည်ဆောက်သွားကြရပါမည်အကြောင်း။ ။

# တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သဗ္ဗညုစေတီတော်သို့ သွားရောက်ဖူးမြော်



နေပြည်တော် မေ ၅

တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က နေပြည်တော်မှ ပုဂံမြို့သို့ ထွက်ခွာခဲ့ကြရာ ညောင်ဦးလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာချင်ကန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ပုဂံမြို့ ရွှေစည်းခုံစေတီရှိ ချူအင်လိုင်းတန်ဆောင်း၌ ရန်ကုန်မြို့ တရုတ်သံရုံးမှ လူငယ်များနှင့် တွေ့ဆုံသည်။

ထို့နောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ပြုပြင်မွမ်းမံနေသည့် သဗ္ဗညုစေတီတော်သို့သွားရောက်ဖူးမြော်လေ့လာကြည့်ရှုခဲ့ကြပြီး **(အပေါ်ပုံ)** ပုဂံဘုရားများအားမော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ညောင်ဦးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# “နိုင်ငံ့ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များစုစည်းဖြည့်သွင်းခြင်းဆိုင်ရာ လုပ်ငန်းခွင်” သို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ကြည့်ရှုအားပေး

နေပြည်တော် မေ ၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးသည် မေ ၅ ရက်တွင် နေပြည်တော်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ “နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုဆိုင်ရာ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်းလုပ်ငန်း”သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း၊ စုစည်းဖြည့်သွင်းခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက် မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်းထားပြီး နိုင်ငံတော်၏ e–Government လုပ်ငန်းများ၊ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် အထောက်အကူပြုစေရန် e – Recruitment and Integrated Civil Service System (e – RICSS) စီမံကိန်းပါ Civil Service Personal Da–tabase Management System တွင် Digital စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းအင်အားများပြားသည့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်ရေးအချက်အလက် ဖြည့်သွင်းသည့်လုပ်ငန်းကိုလျင်မြန်စွာ ထည့်သွင်းရန် ရည်ရွယ်၍ ယခုကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကျွမ်းကျင်သူများခေါ်ယူ၍ တစ်စုတစ်စည်းတည်း ဆောင်ရွက်သည်မှာ ထိရောက်ကောင်းမွန်သော အစီအမံဖြစ်ပါကြောင်း၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ဝန်ထမ်းမှတ်တမ်း ရယူထိန်းသိမ်းခြင်း လုပ်ငန်းအတွက် များစွာ အထောက်အကူဖြစ်သည့် အပြင် ဝန်ထမ်းအင်အား များပြားသည့် အခြားဝန်ကြီးဌာန/ အဖွဲ့အစည်းများအတွက်လည်း ယခုကဲ့သို့ စီမံဆောင်ရွက်နိုင်ရေး နမူနာဖြစ်ပါကြောင်း၊ ကိုယ်ရေးမှတ်တမ်းများကို Digital စနစ်တွင် တစ်နေရာတည်း စုစည်း၍ ထည့်သွင်းနိုင်အောင် စီမံပေးသော ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းဆောင်ရွက်ပေးသူများအား အထူးကျေးဇူးတင်ပါကြောင်း၊ အချက်အလက်ဖြည့်သွင်းရာ၌ မှန်ကန်မှုနှင့် လုံခြုံမှုရှိစေရေး အထူးအလေးထားစနစ်တကျ ဆောင်ရွက်ပေးစေလိုကြောင်း၊ အခက်အခဲရှိပါကလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့က အချိန်မီမြန်ဆန်စေရေး စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ကိုယ်ရေးအချက်အလက် ဖြည့်သွင်းခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အားပေးစကားပြောကြား၍ အမှတ်တရ လက်ဆောင်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



၎င်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် အဖွဲ့ဝင်များဖြစ်သည့် ဦးရဲနိုင်၊ ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ Digital စနစ်ဖြင့် ဝန်ထမ်းကိုယ်ရေးအချက်အလက်များ လက်တွေ့ဖြည့်သွင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် မေ ၅

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမူထန်၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ Jeng Pheng နော်တောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

## အဖွင့်အမှာစကားပြောကြား

ဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် ပထမအကြိမ် ကျင်းပပြုလုပ်သည့် အစည်းအဝေးပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နှင့် သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာ နေထိုင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ကိုလိုနီနယ်ချဲ့၏ ကျွန်ဘဝကို နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပြီး နောက်ပိုင်း သွေးခွဲအုပ်ချုပ်မှုကြောင့် အချင်းချင်းစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရခြင်းဖြစ်ပါကြောင်း၊လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာနောက်ကျခဲ့ကြရပါကြောင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၈၉ ခုနှစ်၊ မေ ၂၅ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၈၉ ခုနှစ်မှ စတင်ပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများ ဖွဲ့စည်းကာ အထူးဖွံ့ဖြိုးရေးဒေသများသတ်မှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကိုဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို အဖွဲ့ဝင် ၂၂ ဦး၊ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၃၇ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

## တည်ငြိမ်အေးချမ်းရေးသည်အရေးအကြီး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၆ ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်မှစပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတို့ကို အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုး/မွေးမြူရေးနှင့် စီးပွားရေးကဏ္ဍများ တိုးတက်လာစေရန်အတွက် လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပြင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက်လည်း စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါကြောင်း၊ အလားတူ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှု တိုးတက်ဖြစ်ထွန်းရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းတွင် ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသအသီးသီး၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ စသည့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကဏ္ဍအသီးသီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအားလုံးကို နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် သက်ဆိုင်သည့် ဝန်ကြီးဌာနအားလုံး ပူးပေါင်းပါဝင်ညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်မည်လည်းဖြစ်ပါကြောင်း။

## ပညာရေးကဏ္ဍ

နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်ပါကြောင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ပြည်ထောင်စု

- **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability)သည် အရေးအကြီးဆုံးဖြစ်၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံပြီး ဆောင်ရွက်ရန်လိုအပ်**
- **မိမိတို့၏ တိုင်းရင်းသားညီအစ်ကိုများ၊ မိမိတို့၏ ပြည်သူများ မှီတင်းနေထိုင်ကြသည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကဏ္ဍများ များစွာရှိ**

တစ်ခုလုံး ကျောင်းစတက်ခဲ့ကြသည့် လူငယ်ပေါင်း ၁၉၄၄၁၇၁၁ ဦးရှိရာတွင် အလယ်တန်းအဆင့် (၅)တန်းတက်ရောက်သူ ၁၁၁၃၇၃၁၈ ဦးဖြစ်သဖြင့် တက်ရောက်ရာခိုင်နှုန်း ၅၇ ဒသမ ၂၉ ရာခိုင်နှုန်း၊ လျော့နည်းရာခိုင်နှုန်း ၄၂ ဒသမ ၇၁ ရာခိုင်နှုန်းရှိပါကြောင်း၊ (၈)တန်းအထိ တက်ရောက်ပညာသင်ကြားသူ ၇၇၈၇၄၁၂ ဦး၊ တက်ရောက်ရာခိုင်နှုန်း ၄၀ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့် လျော့နည်းရာခိုင်နှုန်း ၅၉ ဒသမ ၉၄ ရာခိုင်နှုန်းရှိပါကြောင်း၊ ၆၀ ရာခိုင်နှုန်းခန့်ဖြစ်ပါကြောင်း၊ ထို့အထဲတွင် ကချင်ပြည်နယ်မှ (၅)တန်းတက်ရောက်သူ ၇၆ ဒသမ ၈၁ ရာခိုင်နှုန်း၊ (၈)တန်းတက်ရောက်သူ ၅၈ ဒသမ ၁၁ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၇၃ ဒသမ ၆ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၄၈ ဒသမ ၂၉ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၅၃ ဒသမ ၅၃ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၃၁ ဒသမ ၁ ရာခိုင်နှုန်း၊ ချင်းပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၅၇ ဒသမ ၉၃ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၃၇ ဒသမ ၄၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၅၉ ဒသမ ၅ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၃၇ ဒသမ ၈ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၄၁ ဒသမ ၅၅ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၂၉ ဒသမ ၇၇ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၄၈ ဒသမ ၂၈ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၃၀ ဒသမ ၉ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးမှ (၅)တန်း တက်ရောက်သူ ၅၆ ဒသမ ၂ ရာခိုင်နှုန်း၊ (၈)တန်း တက်ရောက်သူ ၃၁ ဒသမ ၃၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါကြောင်း၊ အဆိုပါ အချက်အလက်များအရ နယ်စပ်ဒေသပညာရေး မြှင့်တင်မှုသည် ထိုထက်ပိုမို ဆောင်ရွက်ရန်လိုပါကြောင်း၊ မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

## ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍကိုကြည့်မည်ဆိုပါက၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ မျှော်မှန်းသက်တမ်းသည် ကျား ၆၃ ဒသမ ၄ နှစ်၊ မ ၇၂ ဒသမ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၇ နှစ် ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်တွင် ကျား ၆၂ ဒသမ ၇ နှစ်၊ မ ၇၂ ဒသမ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၄ နှစ်၊ ကယားပြည်နယ်တွင် ကျား ၆၂ ဒသမ ၅ နှစ်၊ မ ၇၃ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၆ နှစ်၊ ကရင်ပြည်နယ်တွင် ကျား ၆၁ ဒသမ ၃ နှစ်၊ မ ၇၀ ဒသမ ၁ နှစ်၊ ပျမ်းမျှသက်တမ်း ၆၅ ဒသမ ၆ နှစ်၊ ချင်းပြည်နယ်တွင် ကျား ၆၁ နှစ်၊ မ ၆၇ ဒသမ ၅ နှစ်၊ ပျမ်းမျှသက်တမ်း ၆၄ ဒသမ ၂ နှစ်၊ မွန်ပြည်နယ်တွင် ကျား ၆၁ ဒသမ ၈ နှစ်၊ မ ၇၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၆ ဒသမ ၈ နှစ်၊ ရခိုင်ပြည်နယ်တွင် ကျား ၆၄ ဒသမ ၆ နှစ်၊ မ ၇၂ ဒသမ ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၈ ဒသမ ၃ နှစ်၊ ရှမ်းပြည်နယ်တွင် ကျား ၆၃ ဒသမ ၇ နှစ်၊ မ ၇၂ ဒသမ ၃ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၉ နှစ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျား ၆၅ ဒသမ ၁ နှစ်၊ မ ၇၁ ဒသမ ၉ နှစ်၊ ပျမ်းမျှသက်တမ်း ၆၈ ဒသမ ၄ နှစ် ပျမ်းမျှဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလုပ်ဆောင်ရန် လိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြည့်စွက်ဆွေးနွေးစဉ်။

အလားတူ စိုက်ပျိုး/မွေးမြူရေးသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်း ဖြစ်ပါကြောင်း၊ တိုင်းပြည် စားရေရိက္ခာပေါများရေး၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးသည် မိမိတို့၏ မျှော်မှန်းချက်ဖြစ်ပါကြောင်း၊ အခြေခံစားကုန်များ၊ သားငါးများ ဒေသအလိုက် ဖူလုံအောင် ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး/မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိထားသည့်ရလဒ်များကို ကျေနပ်မနေဘဲ အရေအတွက်ရော အရည်အသွေးပါ ပိုမိုကောင်းမွန်သည့် စိုက်/မွေး ထုတ်ကုန်များရရှိအောင် ဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ နယ်စပ်ဒေသအများစုသည် တောင်တန်းဒေသများဖြစ်ပြီး မြေပြန့်နည်းပါးပါကြောင်း၊ ထို့ကြောင့် အများစုသည် တောင်ယာ၊ ကုန်းမြင့်လယ်နှင့် ဥယျာဉ်များသာ စိုက်ပျိုးကြသည့်အတွက် စနစ်ကျနသည့် စိုက်ပျိုးမှု ပြုလုပ်နိုင်စေရေး စီမံပေးရမည်ဖြစ်ပါကြောင်း၊ သီးထပ်စွမ်းအားတက်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးများကို ထူထောင်ပေးခြင်းဖြင့် ဝင်ငွေကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရိုင်အများစုတွင် စတင်ဖွင့်လှစ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာအထက်တန်းကျောင်းများတွင် အင်တိုက်အားတိုက် ပညာသင်ကြားနိုင်ရေး ကူညီပေးပြီး ပညာတတ်များ မွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ သိပ္ပံများ၊ ကောလိပ်များ၊ တက္ကသိုလ်များတွင် ပညာဆက်လက်သင်ကြားနိုင်ရေး၊ ပညာရှင်များ မွေးထုတ်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသုတေသနများကိုလည်း ထိရောက်စွာပြုလုပ်ပြီး အဆိုပါ ကဏ္ဍများ တိုးတက်အောင်လုပ်ရမည်ဖြစ်ပါကြောင်း။

## သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး

သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးသည်လည်း ဒေသဖွံ့ဖြိုးရေးတွင် များစွာအရေးပါကြောင်း၊ ဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခြင်းကြောင့် ဆက်သွယ်မှုကွန်ရက်များ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဆက်သွယ်ရေးကွန်ရက် ဆောင်ရွက်ရန်လိုကြောင်း၊ လူမှုစီးပွားအထောက်အကူပြုမည့်

*စာမျက်နှာ ၄ သို့*

❖ **တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်**

❖ **ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်း မရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲ တံခါးဖွင့် ကြိုဆိုထား**

❖ **နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိကျောင်းများ အဆောက်အအုံနှင့် ဥပဓိရုပ် ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်**

*စာမျက်နှာ ၃ မှ*

ဒေသအလိုက် အသေးစား၊ အငယ်စား၊ အလတ်စား ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ ယခုထက် ပိုမိုဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် အစိုးရများသည် မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ သို့သော် ယနေ့အချိန်အထိ **မိမိတို့၏ တိုင်းရင်းသားညီအစ်ကိုများ၊ မိမိတို့၏ ပြည်သူများ မှီတင်းနေထိုင်ကြသည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကဏ္ဍများ များစွာရှိ**သေးသည်ကိုလည်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအတွက် ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကဏ္ဍတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း ၄၇ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၃၃၀၀၇ ဦး ပညာသင်ကြားပေးနိုင်ခဲ့ကာ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ကြားနိုင်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## အဆင့်မြင့်ပညာကဏ္ဍ

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ကျောင်းသား ကျောင်းသူ ၁၄၀၅၈ ဦးတို့ကို မဟာပညာရေးဘွဲ့၊ မဟာဒဿနပညာရေးဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာ၊ အလယ်တန်းဆရာအတတ်ပညာ၊ အထူးမူလတန်းဆရာ အတတ်ပညာ၊ မူလတန်းဆရာအတတ်ပညာများ တတ်မြောက်အောင် သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် ရန်ကုန်နှင့်စစ်ကိုင်းတို့တွင်လည်း ကျောင်းသား ကျောင်းသူ ၄၇၀၁ ဦးတို့ကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ AGTI၊ B.Tech ဘွဲ့များရရှိအောင် သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဝန်ကြီးဌာန ၁၉ ခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်နယ်/ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ပါကြောင်း။

## သက်မွေးပညာကဏ္ဍ

သက်မွေးပညာကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ၉ ကျောင်း ဖွင့်လှစ်ပြီး သင်တန်းသား ၆၀၇၇ ဦးကို ဆောက်လုပ်ရေး၊ စက်ပြင်၊ လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ် စက်ပြင်၊ လက်ကိုင်ဖုန်းပြင်၊ အလူမီနီယံ ၊ EFI အင်ဂျင်သင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၇ ကျောင်းတွင် သင်တန်းသူ ၉၅၀၂၂ ဦး သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ပုဂ္ဂလိကအထည်ချုပ်စက်ရုံများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း။

## တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု

နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အားလုံးနှင့် သက်ဆိုင်ပြီး အလွန်အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများ အကြားအပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေလည်း တိုးတက်လာမှာပဲ ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မည်မျှဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပါစေ အဖျက်လုပ်ငန်းကြောင့် အကျိုးမခံစားရသည်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြုလုပ်ရခြင်းများသည် ဆုံးရှုံးမှုများသာဖြစ်ပါကြောင်း၊ တံတားများ မိုင်းထောင်ဖျက်ဆီးခြင်း၊ အဆောက်အဦများ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးစခန်းများ မိုင်းထောင်ဖျက်ဆီးခြင်း၊စစ်မက်ဖြစ်ပွားအောင် ဆောင်ရွက်နေခြင်းသည် ဒေသအတွက် အကျည်းတန်သည့်၊ လုံးဝမဖြစ်သင့်သည့် အကြောင်းအရာများ ဖြစ်ပါကြောင်း၊ **တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ် သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှ ရရှိနိုင်သည်ကို အလေးအနက် သတိမူကြရမည်ဖြစ်**ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူခဲ့ရသည့် ကာလအတွင်းတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါကြောင်း၊ ထိုသို့ ဖိတ်ခေါ်ခဲ့သည့်အတွက် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင် ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် လက်နက်ကိုင် ၃ ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်များလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ **ငြိမ်းချမ်းရေး စားပွဲဝိုင်းကို ရောက်ရှိလာခြင်း မရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များ မထားဘဲတွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲ တံခါးဖွင့် ကြိုဆိုထား**သည်ကို ထပ်မံအသိပေး ပြောကြားလိုပါကြောင်း။

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံး အကြားအလပ်မရှိ ဆူကြုံနိမ့်မြင့် ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီး တစ်ခုလုံး တစ်စည်းတစ်လုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည် ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုတိုးတက်မှု ရရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လမ်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်တို့ကို



အခိုင်အမာချမှတ်ထားပြီးဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ထိရောက်စွာ အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထူထောင်ပေးနိုင်ရေး ကြိုးပမ်းကြရန် လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးမှုခိုင်မာမှသာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည် ဆိုသည်ကိုလည်း မျက်ခြည်မပြတ်ကြရန် လိုအပ်ပါကြောင်း။

## ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာစေရေး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်တို့ အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝနှင့် အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ရည်မှန်းချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန်နှင့်နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရေးတို့ကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက်ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ၊ မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ကဏ္ဍအလိုက်ဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကောင်စီဝင်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အကြံပြုတင်ပြကြသည်။ ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က တပ်မတော်မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

## ဖြည့်စွက်ဆွေးနွေး

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီဝင်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဖိဖိစီးစီးဖြင့် တွန်းအားပေး ဆောင်ရွက်သွားရန်၊ တိုင်းရင်းသား ဒေသအားလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး မြန်မာဆိုသည့် စိတ်ဓာတ်ဖြစ်ပေါ်လာစေရေး ဦးဆောင်ဦးရွက်ပြု ဆောင်ရွက်သွားကြရန်၊ စက်မှုလက်မှုလုပ်ငန်းများဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းဖြည့်စွက်ဆွေးနွေးသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်စပ်ဒေသများတွင် ပညာရေးကဏ္ဍ အားနည်းသည်ကို တွေ့ရပါကြောင်း၊ **နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိကျောင်းများ အဆောက်အအုံနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန်**နှင့် သင်ထောက်ကူပစ္စည်းများနှင့် ဝန်ထမ်းရေးရာ ပြည့်စုံရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများအတွက် ဆက်သွယ်ရေး (Communication ) သည် အဓိကကျသောကြောင့် မဖြစ်မနေဆက်သွယ်မှုရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ***စာမျက်နှာ ၅ သို့***

စာမျက်နှာ ၄ မှ

တစ်နိုင်ငံလုံး ဆက်သွယ်ရေးလွှမ်းခြုံမှုရအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကုန်လမ်းသွားလာရေးခက်ခဲသည့် နေရာဒေသများသို့ လေကြောင်းလိုင်းနှင့် ရေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် သင်တန်းကျောင်းမှ သင်တန်းသားများကို ကျေးလက်အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားလူငယ်များသည် မိမိဒေသအကျိုးအတွက် အုပ်ချုပ်ရေးပိုင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

## သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားရန်လိုအပ်

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသ၊ ရေမြေသဘာဝနှင့်ကိုက်ညီ စေရေးအတွက် သုတေသနပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျေးလက်သမဝါယမအသင်းများ ဖွဲ့စည်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ထုတ်ယူရရှိရေးနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဖွံ့ဖြိုး တိုးတက်ရေးသည် အဓိကကျသည့်အတွက် အခြေခံပညာကျောင်းများတွင် အရည်အချင်း ပြည့်ဝသည့် ဆရာ ဆရာမများကို ခန့်ထားပေးပြီး ကျောင်းသား ကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာတတ်မြောက်ပြီး လူငယ်များအနေဖြင့် ဒေသတွင်း အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်သည် အထိပြုစု ပျိုးထောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် သူနာပြု၊ လက်ထောက်ကျန်းမာရေးမှူးနှင့် ကျန်းမာရေးမှူးများ ပြည့်စုံစွာခန့်ထားနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် ဝေးလံခေါင်းပါးသည့်နေရာများတွင် အနည်းဆုံးမြို့နယ်အဆင့်အထိ ဆရာဝန်များ ဖြည့်ဆည်းနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

## နိုင်ငံအနာဂတ်ကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်

ပါတီစုံဒီမိုကရေစီ ခေတ်သို့ပြောင်းလဲပြီးနောက်ပိုင်းတွင် ပထမဆုံးအစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့် တိုင်းအစွန်အဖျားများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်ရကြောင်း၊ အာဆီယံတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံ ၄ နိုင်ငံတွင်ပါဝင်နေကြောင်း၊ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့်ဖွံ့ဖြိုးတိုးတက်မှုများ နည်းပါးသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားနေသည်ကို ဆန်းစစ်ချက်များအရတွေ့ရကြောင်း၊ အဆိုပါအချက်များကြောင့် မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်ရန်လိုနေသေးကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန် လိုကြောင်း၊ ထွက်ကုန်များဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း၊ မိမိတို့ဗဟိုကော်မတီအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **ကျေးလက်ကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ အစည်းအဝေးတွင် ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်၍ မိမိတို့ဆောင်ရွက်ရမည့် မူဝါဒကိုချမှတ်နိုင်မည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **ဒို့တာဝန် အရေးသုံးပါးကို ခိုင်မာစွာထိန်းသိမ်းနိုင်သည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသည့် တိုင်းရင်းသား လူငယ် လူရွယ်များ ပေါ်ထွက်လာအောင်ဆောင်ရွက်ရန်လို**ကြောင်း၊ နိုင်ငံအနာဂတ်ကောင်းမွန်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးတွင်လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်နေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ပက်သက်ပြီး ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်ကို တွေ့ရပါကြောင်း။

ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ငန်းများ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေတိုင်းရင်းသား လူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က မွန်မြတ်သည့်စေတနာနှင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏စေတနာနှင့် မျှော်မှန်းထားသည့်အတိုင်း နယ်စပ်ဒေသများတွင်ရှိသည့် တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ မြင့်မားလာစေရန် အရေးကြီးပါကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန် ဆက်စပ်နေပါကြောင်း၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည် မဟုတ်သည်ကို သတိပြုစေလိုပါကြောင်း၊ နယ်စပ်ဒေသများသည် နယ်မြေရေိယာကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆ နည်းပါးပါကြောင်း၊ ပြည်မနှင့်ကူးလူးဆက်ဆံရန် ခက်ခဲသည့်အတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်မှုများကိုလည်း များစွာတိုးချဲ့ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လိုအပ်သည့်ဒေသများတွင် ဆက်လက်လုပ်ဆောင်ပေးကြရမည် ဖြစ်ပါကြောင်း။




- ကျေးလက်ကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်
- ဒို့တာဝန်အရေးသုံးပါးကို ခိုင်မာစွာ ထိန်းသိမ်းနိုင်သည့် မျိုးချစ်စိတ်ဓာတ်အပြည့်ရှိသည့် တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်လို
- မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီမှုဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် များစွာ အထောက်အကူပြုစေနိုင်သည့်အတွက် ကျေးဇူးတင်ရှိ

## လုပ်ငန်းများအချိန်မီပြီးစီးရေး တွန်းအားပေးဆောင်ရွက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရန်လည်း အထူးလိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နယ်မြေအခြေအနေ ကန့်သတ်ချက်၊ ရာသီဥတုအခြေအနေ ကန့်သတ်ချက်နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ်မူတည်၍ ခက်ခက်ခဲခဲဆောင်ရွက်နေရခြင်းများ ရှိနေသော်လည်း သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအနေဖြင့် တွန်းအားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့်တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့ အပါအဝင် အကူအညီပေးအပ်ထားသည့် ရန်ပုံငွေများနှင့် နယ်စပ်ဒေသ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ထိုသို့ **မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီမှုဖြင့် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများအတွက် များစွာအထောက်အကူပြုစေနိုင်သည့်အတွက် ကျေးဇူးတင်ရှိ**ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ဦးဆောင်မှုနှင့် နယ်စပ်ဒေသရှိ လူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်လာစေရေး ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန် တိုးမြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ဘီးလင်း မေ ၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ဖြည့်စွက်အကြံပြုဆွေးနွေး

အခမ်းအနားတွင် ဘီးလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းဆိုင်ရာ သုံးသပ်ဆွေးနွေးပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များ၊ အကြံပြုချက်များကို အပြန်အလှန်ဆွေးနွေးကြရာ လိုအပ်သည်များကို တာဝန်ရှိသူများက ဖြည့်စွက်အကြံပြု ဆွေးနွေးပြောကြားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

◆ *ကျောဖုံးမှ*

ဒေါ်ဒွဲဘူ၊ မန်းငြိမ်းမောင်၊ ဦးမောင်ကို၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိုင်မ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္တွေ၊ အရန်၊ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် အမိမြန်မာနိုင်ငံတော်ကြီးအတွင်းမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလုပ်သားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးမှ ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၇၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ပင် ဖြစ်ပါကြောင်း။

(၇၇)နှစ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်များကို ဦးလည်မသုန်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို စွမ်းအားပြည့်တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးကို ဂုဏ်ပြုပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**မီးသတိပေးမောင်းသံများနှင့် စတင်ခဲ့**

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်ပါက ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက် စည်ပင်ဝပြောသာယာခဲ့သည့် နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတိပေးမောင်းသံများနှင့် စတင်ခဲ့ပြီး မီးသတ်လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်နိုင်ရေး **"သောသောညံ ပုဂံမီးဆော်မောင်း"** ဟူသည့် ဂဏန်းအမှတ်အသား သံခိပ် (လက်ာ) အရ **"မီးကပ်သား" တစ်နည်းအားဖြင့် မီးသတ်သမား** ၆၆၃ ဦးကို သတ်သတ်မှတ်မှတ် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ၎င်းနောက် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင်လည်း နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတ်လုပ်ငန်းကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို ဂုဏ်ယူစွာ တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မီးသတ်လုပ်ငန်း၏ သဘောသဘာဝအရ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရဘဲ လူအများကပေါင်းစပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် အုပ်ချုပ်သူ ဘုရင်၊ ရဲမက်များ၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့်သာ မီးဘေးအန္တရာယ်ကို ထိထိရောက်ရောက်ကာကွယ်နိုင်ကြောင်းကို ရှေးမြန်မာမင်းများလက်ထက်ကပင် သိရှိနားလည်ခဲ့ကြသည်ကို တွေ့ရပါကြောင်း။

**ပြည်သူ့အကျိုးပြုအဖွဲ့အစည်း**

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ကာကွယ်နိုင်ရေး မြူနီစီပယ်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ခေတ်ပညာတတ် မျိုးချစ်လူငယ်များသည် မိမိတို့ရပ်ရွာ၊ မိမိတို့၏ဒေသကို မီးဘေးကာကွယ်နိုင်ရေး အပျော်တမ်း မီးသတ်အဖွဲ့များကို အမျိုးသားရေးစိတ်ဓာတ်နှင့်ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ ၁၉၀၀ ပြည့်နှစ် နှောင်းပိုင်းမှစတင်ပြီး စေတနာ့ဝန်ထမ်း အပျော်တမ်းမီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက်ဖွဲ့စည်းတည်ထောင်လာခဲ့ကြပါကြောင်း၊ ဖွဲ့စည်းဆောင်ရွက်ရာတွင်လည်း မီးသတ်တပ်ဖွဲ့ဝင်များ၏ ရည်ရွယ်ချက်၊ ကိုယ်ကျင့်တရားများ၊ အပျော်တမ်းမီးသတ်အဖွဲ့များ ဖွဲ့စည်းရန် စည်းမျဉ်းဥပဒေသများ၊ အလုပ်တာဝန်ဝတ္တရားနှင့် အခွင့်အာဏာများ၊ ဝတ်စားဆင်ယင်မှု သတ်မှတ်ချက်များ၊ မီးလောင်ရာတွင် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားသတ်မှတ်ချက်များ၊ မီးသတ်စက်လေ့ကျင့်ခန်း၊

*စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်း (အသက်၉၄နှစ်) အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်မှုထမ်း(ငြိမ်း)/မီးသတ်ဝန်ထမ်း(ငြိမ်း) တပ်ကြပ်ကြီး ဦးထွန်းကြည် (အသက်၉၂နှစ်) အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်စဉ်။

**○ မီးသတ်တပ်ဖွဲ့အဖြစ် ပေါ်ပေါက်လာသည့် အချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး ဘယ်လို အခြေအနေမျိုးတွင်မဆို နိုင်ငံရေးအရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်**

*စာမျက်နှာ ၆ မှ*

ကယ်ဆယ်ရေးနှင့် လူနာသယ်ယူပို့ဆောင်နည်းများအပါအဝင် မီးသတ်ကြိုးချည်နည်းအဆုံး စနစ်တကျပြုစုထားသည့် မီးသတ်ဌာန လက်စွဲအတိုင်း စနစ်တကျ ပြုစုလုပ်ကိုင်ခဲ့ကြသောကြောင့် အစဉ်အလာကြီးမားသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်မှာ ထင်ရှားလှပါကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဟူ၍ စတင်သန္ဓေတည်ပေါက်ဖွားလာခဲ့ခြင်းသည် နိုင်ငံတော်အတွက် လိုအပ်နေသည့် ပြည်သူ့အကျိုးပြု အဖွဲ့အစည်းတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်း။

၁၉၄၆ ခုနှစ်၊ မေလ ၅ ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ကန်တော်ကလေးရှိ **“ဇီနတ်အစ္စလာမ်”** မိန်းကလေးကျောင်းတွင် မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများသည် ပထမအကြိမ်စေတနာ့ဝန်ထမ်း မီးသတ်အစည်းအရုံးကြီး ညီလာခံကို ကျင်းပနိုင်ခဲ့ပြီး ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြပါကြောင်း။

ယင်းညီလာခံကို ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်ချီးမြှင့် မိန့်ခွန်းပြောကြားခဲ့ရာ၌ **“မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများ ပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင်လည်း သူရဲကောင်းများ ပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးအား တိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများအနေဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း”** ဖြင့် ထည့်သွင်းပြောကြားသွားခဲ့ပါကြောင်း။ အဆိုပါ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံး ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ တစ်နည်းအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက (၇၇)နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

**အရေးကြီးသည့် ကဏ္ဍ(၃)ခု အလေးထားလိုက်နာ**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန် (၄) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ၌ မဟာဗျူဟာကျသည့်၊ အရေးကြီးကဏ္ဍများဖြစ်သည့် ကြိုတင်စီမံမှုကဏ္ဍ၊ မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍ၊ ပြန်လည်သုံးသပ်မှုကဏ္ဍဟူသည့် အရေးကြီးသည့်ကဏ္ဍ(၃)ခုကိုတိတိကျကျအလေးထားလိုက်နာဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိရာ၌ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်း မီးလောင်မှုပေါင်း ၁၈၃၃၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ငွေကျပ် ၁၅၅ ဘီလီယံကျော်ခန့် ဆုံးရှုံးခဲ့ရကြောင်းကို မီးသတ်ဦးစီးဌာန၏ မှတ်တမ်းများအရ သိရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံး နှစ်စဉ်မီးလောင်မှုအကြိမ်ရေ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် အကြိမ်ရေ ၁၈၀၀ ကျော်ခန့် ဖြစ်ပွားပြီး ဆုံးရှုံးမှုအနေဖြင့် နှစ်စဉ် ငွေကျပ် ၁၅ ဘီလီယံခန့် ဆုံးရှုံးလျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးလောင်မှုအကြိမ်သည်လည်း တိုးလာနိုင်သည်ဖြစ်သဖြင့် မီးလောင်မှုအကြိမ်ရေနှင့် မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးများလျော့ကျစေရေးအတွက် ပြည်သူလူထုအတွင်း မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာများ စိမ့်ဝင်ပျံ့နှံ့နေအောင် လုပ်ကြရမည်ဖြစ်ပါကြောင်း။

**မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကဏ္ဍတွင် “Some People Run from Problem, Another Run to Again We Know Hero”** ဟူသည့်အတိုင်း **“လူတစ်ချို့ဟာ ပြဿနာနဲ့ဝေးရာကို ပြေးကြပြီး ပြဿနာကိုထွက်မပြေးဘဲ ရင်ဆိုင်တိုးဝင်သူကိုတော့ သူရဲကောင်းလို့ ခေါ်ကြကြောင်း”** ဟူသည့် စကားသည် မီးသတ်သမားများကို ပြောခြင်းပင်ဖြစ်ပါကြောင်း၊ မီးသတ်လုပ်ငန်းသည် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့် အသက်နှင့်ခန္ဓာကို ပေးဆပ်ပြီးလုပ်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ ပေးဆပ်မှုအနည်းဆုံးဖြစ်ရေး မိမိအလုပ်ကို ကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ် လေ့ကျင့်နေရန်လိုမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်နိုင်မည်ဖြစ်သဖြင့် မီးသတ်တပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအနေဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် စက်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်ရေးအတွက် လေ့ကျင့်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း။

ပြည်သူလူထုအတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ဒေသအလိုက် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသည့်အခါ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လူမျိုး/ ဘာသာ အယုတ်အလတ် အမြတ်မရွေး ခွဲခြားမှုမရှိဘဲ မွန်မြတ်သည့် လူမှုရေး အသိစိတ်၊ ကရုဏာ မေတ္တာ စေတနာအရင်းခံသည့် ပရဟိတစိတ်ဓာတ်များနှင့် ကူညီကယ်ဆယ်ခြင်း၊ ကူညီရွှေ့ပြောင်းခြင်းနှင့် သဘာဝဘေးကြောင့် ပိတ်ဆို့နေခြင်းများကိုပါ ရှင်းလင်းဖယ်ရှားခြင်းများအပေါ် စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ မွန်မြတ်သည့်စိတ်ထားနှင့် တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ဘဝကို ကိုယ်တိုင်တန်ဖိုးထားဂုဏ်ယူပြီး မီးသတ်သမားကောင်းများပီသစွာ နေထိုင်ကျင့်ကြံသွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရေး၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှုများနှင့် မိမိတို့၏ဘဝကို ကြိုးစားမြှင့်တင်သွားကြရန် လိုအပ်ကြောင်းကို တိုက်တွန်းမှာကြားလိုပါကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံသည့်အခါများ၌ ယဉ်ကျေးပျူငှာစွာ စည်းရုံးပြောဆိုရန် အထူးပင်လိုအပ်ပါကြောင်း၊ မီးငြိမ်းသတ်သည့်အချိန်များတွင်လည်း ပြည်သူလူထု၏ အထင်အမြင် လွဲမှားမှုများကို စိတ်ရှည်သည်းခံပြီး အမှန်အတိုင်းသိအောင် ဂဃနဏ ရှင်းပြပြောဆိုရန် လိုအပ်ပါကြောင်း၊ မီးသတ်တပ်ဖွဲ့အဖြစ် ပေါ်ပေါက်လာသည့် အချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်ရှေးရှုဆောင်ရွက်ပြီး ဘယ်လိုအခြေအနေမျိုးတွင်မဆို နိုင်ငံရေး အရောင်အသွေးမရှိဘဲ သမိုင်းအစဉ်အလာကောင်းများနှင့် ပြည်သူ့အကျိုးပြုတပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့သည့်အတွက် မီးသတ်တပ်ဖွဲ့သည် နိုင်ငံရေးအရောင်အသွေးကင်းမဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်းလည်း ပြောကြားလိုပါကြောင်း။

**ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိ**

ခေတ်အဆက်ဆက်တွင် မီးသတ်တပ်ဖွဲ့အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူလူထုအကျိုးအတွက် စွန့်လွှတ်စွန့်စားစွာနှင့် စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်ခဲ့ကြသည့် ဖြစ်စဉ်သာဓကများစွာရှိခဲ့ပြီး နိုင်ငံတော်က စွမ်းရည်သတ္တိဆိုင်ရာနှင့် စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များကို နိုင်ငံတော်က စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ တံဆိပ်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ နှစ်အလိုက် ချီးမြှင့်ပေးခဲ့ရာ ၁၉၅၂ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စု ငွေတံဆိပ် တစ်ဦး၊ လွတ်လပ်ရေးမော်ကွန်းဝင် သုံးဦး၊ ဂုဏ်ထူးဆောင်လက်မှတ် ၁၀ ဦး၊ သရေစည်သူဘွဲ့ တစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် ၁၀ ဦး၊ စီမံထူးချွန်တံဆိပ် ၂၃ ဦး၊ လူမှုထူးချွန်တံဆိပ် ၃၆ ဦး၊ သီဟဗလတံဆိပ် သုံးဦး၊ ရဲသီဟတံဆိပ် တစ်ဦး၊ ရဲသူရတံဆိပ် ၁၆ ဦး၊ ရဲဗလတံဆိပ် ၅၅ ဦး၊ ရဲသူရိန်တံဆိပ် ၇၂ ဦး၊ ရဲကျော်စွာတံဆိပ် ၇၅ ဦး၊ ရဲကျော်သူတံဆိပ် ၄၅ ဦး စုစုပေါင်း ဆုတံဆိပ် ၃၅၆ ဦး ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထိုကဲ့သို့ စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့/ တံဆိပ်နှင့် လက်မှတ်များ မရရှိခဲ့ပေမယ့်လည်း ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် စွန့်လွှတ်မှုပေါင်းများစွာနှင့် ဆောင်ရွက်ခဲ့ကြသည့် သန္ဓေ/အရန်နှင့် သီးသန့်တပ်ဖွဲ့ဝင်များကိုလည်း တန်ဖိုးထားချီးကျူးဂုဏ်ပြုပါကြောင်းကို ထည့်သွင်းပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်တစ်ရပ်အဖြစ်ကို ရောက်ရှိအောင် တည်ဆောက်နေသည့် အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်ကို အပြည့်အဝ အောင်မြင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဦးလည်မသုန် အလေးအနက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ယနေ့ မြန်မာနိုင်ငံသည် ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ မီဒီယာစသည့် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့မြန်မာနိုင်ငံတွင် ဟိုတယ်၊ မိုတယ်၊ စက်မှုလုပ်ငန်း အဆောက်အဦများ၊ အထပ်မြင့်အဆောက်အဦများ၊ စုပေါင်းပိုင်အိမ်ရာများလည်း တစ်နေ့တခြား တိုးတက်များပြားလာပြီး လူနေမှုပုံစံများပြောင်းလဲလာသည့်အတွက် ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာမည့် မီးဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များကို မလွဲမသွေ ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်ကြောင်း။

**မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ မြင့်မား**

ပြည်သူတို့ တွေ့ကြုံရမည့် ဘေးအန္တရာယ်ကြီးမားကျယ်ပြန့်လာမှုသည် ပြည်သူကို ကူညီကယ်ဆယ်မည့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရင်ဆိုင်ဖြေရှင်းလုပ်ဆောင်ကြရမည့် တာဝန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍသည်လည်း မြို့ပြနယ်ပယ်တွင် မြင့်မားလာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေသည့် မီးလောင်မှုများနှင့် ပျက်စီးဆုံးရှုံးမှုများကို လျော့နည်းကျဆင်းစေရန် မီးသတ်တပ်ဖွဲ့ဝင်များအတွက် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်ကို လျှော့ချနိုင်ရေးအတွက် မီးဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် ဘေးကင်းလုံခြုံစေရေး Myanmar Fire Safety Code 2020 ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် အတည်ပြုထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ နှစ်စဉ် ပိုမိုဖြစ်ပွားကြုံတွေ့ရလျက်ရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏလည်း ပိုမိုများပြားလာကြောင်း။ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပထဝီဝင်အနေအထားအရ ဒေသအလိုက် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး အစရှိသည့်သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့နိုင်သည့်အပြင်

*စာမျက်နှာ ၈ သို့*




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၇ မှ*

အခြားသော ဓာတု၊ ဇီဝ၊ ရေဒီယို သတ္တိကြွပစ္စည်းများ၏ အန္တရာယ်များလည်း ဖြစ်ပွားလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း တိုးတက်ဖြစ်ပေါ်ပြောင်းလဲလာသည့် ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်ထား မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြား ခံစားနေရသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် တပ်မတော်၊ ပြည်သူလူထု၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စုပေါင်းလက်တွဲ ညီညီညွတ်ညွတ် ပါဝင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာတိုင်းတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ Mask ပေးဝေခြင်း၊ ဆေးရုံကြီးများနှင့် Liquid Oxygen သိုလှောင်ဖြန့်ဝေပေးခြင်း စသည့် ဆက်စပ်လုပ်ငန်းများတွင် မတော်တဆမှုများ မဖြစ်ပွားစေရန်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် နည်းပညာရပ်ဆိုင်ရာ အထောက်အကူပေးခြင်း၊ ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများ၊ နာမကျန်းဖြစ်သူ ပြည်သူများကို သူနာတင်ယာဉ်ဝန်ဆောင်မှု (EMS) အခမဲ့ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း။

**မေ့မရနိုင်သည့် မှတ်တမ်းများ**

ထို့ပြင် Quarantine Center များတွင် ရေလိုအပ်မှုများကို မီးသတ်ရေသယ်ယာဉ်များနှင့် နေ့စဉ်အခမဲ့ ရေဂါလန်ပေါင်းများစွာ ပေးလှူခဲ့သည့်အတွက် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းကာလများတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအနေဖြင့် မေ့မရနိုင်သည့် မှတ်တမ်းများ ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ မီးသတ်တပ်ဖွဲ့သည် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုသည့် အနေအထားကို ရောက်ရှိနေပြီဆိုသည်ကို မှတ်တမ်းများအရ မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုတိုင်းသည် ပြည်သူများ၏ နေထိုင်မှုဘဝ လုံခြုံရေးမှစ၍ နိုင်ငံတော်တည်ဆောက်ရေးအထိ အကျုံးဝင်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် များစွာအကျိုးရှိပြီး တန်ဖိုးလည်းကြီးမားလှကြောင်း။ ယင်းတန်ဖိုး၏ အနှစ်သာရသည် မီးသတ်တပ်ဖွဲ့အတွက် ထူးကဲသည့် ရည်မှန်းချက် တာဝန် (၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးစသည့် လုပ်ငန်းစဉ်များအပေါ် မိမိတို့ တာဝန်ကျရာဒေသ၏ လူနေမှုပုံစံ၊ ရိုးရာဓလေ့စရိုက်၊ ယဉ်ကျေးမှုတို့နှင့် လိုက်လျောညီထွေဖြစ်အောင် တီထွင်ကြံဆလုပ်ဆောင်နိုင်ပါမှ ပြည်သူလူထုက အားကိုးယုံကြည်လာမည်ဖြစ်ကြောင်း၊ အားကိုးယုံကြည်မှ တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူအများက ပါဝင်ပူးပေါင်းလိုက်ပါလုပ်ဆောင်လာကြမည်ဖြစ်ကြောင်း၊ ပြည်သူအားလုံး လိုက်ပါလုပ်ဆောင်မှ မီးသတ်တပ်ဖွဲ့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မီးဘေးအန္တရာယ်ကင်းဝေးပြီး ဘေးကင်းလုံခြုံမှုရှိသည့် လူနေမှုဘဝပတ်ဝန်းကျင်ကို ရရှိနိုင်မည်ဖြစ်သကဲ့သို့ မီးသတ်တပ်ဖွဲ့၏ ဂုဏ်ကိုလည်း မြင့်မားဝင့်ထည်စေမည်ဖြစ်ကြောင်း။

**ပြည်သူက အားကိုးယုံကြည်**

ထို့ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူကို စည်းရုံးနိုင်မှုစွမ်းရည်၊ ပြည်သူက အားကိုးယုံကြည်လာစေနိုင်သည့် စွမ်းပကားရှိနေရန်လည်း လိုအပ်လာပြီဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး စသည့်လုပ်ငန်းများသည် မီးသတ်သမားများသာ လုပ်ဆောင်၍ ရနိုင်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူများ ပူးပေါင်းပါဝင် ကူညီမည်ဆိုပါက အောင်မြင်သည်ကို ပြည်သူများ သိမြင်နားလည်စေရန်အတွက် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စေ့ဆော်စည်းရုံးနိုင်မှု အတတ်ပညာပါရှိလာရန် လိုအပ်လာပြီဖြစ်ကြောင်းကို မှာကြားလိုကြောင်း။

ယနေ့ အချိန်အခါတွင် နေရာတိုင်း၊ နယ်ပယ်တိုင်း၌ အဆင့်မြင့်နည်းပညာများနှင့် ဆောင်ရွက်နေကြပြီဖြစ်ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကာယ၊ ဉာဏပိုင်းတွင် အဆင့်မြင့် အမြင်ကျယ်ရမည်ဖြစ်ကြောင်း၊ ဓာတုဗေဒနှင့် ရူပဗေဒ၏ သဘောတရား၊ အင်ဂျင်နီယာနှင့် သင်္ချာပညာအရ တွက်ချက်စိစစ်နိုင်မှုများကို အပြည့်အဝသိရှိနားလည်ပြီး အလျင်အမြန် တုံ့ပြန်ဖြေရှင်းနိုင်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ခေတ်စနစ်နှင့်အညီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရန် ကြိုးပမ်းလေ့လာဆောင်ရွက်ထားကြရန် လိုအပ်သကဲ့သို့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန် မီးသတ်လုပ်ငန်းတွင် အဆင့်မြင့်နည်းပညာပိုင်းများနှင့် ဆောင်ရွက်နိုင်မည့် နိုင်ငံတကာနည်းတူ **"အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့"** (International Search and Rescue Advisory Group– INSERAG) များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ရေးကို အသင့်ဆောင်ရွက်ထားသင့်သည်ကို မှာကြားလိုကြောင်း။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သမိုင်းအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြစေလိုကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ၁၀ ပါးနှင့်အညီ နေထိုင်ကျင့်ကြံပြီး ပြည်သူလူထု၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း။

ပြည်သူများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်မဆိုင်းဘဲ ကာကွယ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားသွန်ခွန်စိုက် ဆောင်ရွက်သည့်နေရာတွင် မီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ကျရာနေရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မီးသတ်သမားကောင်း တစ်ယောက်တွင်ရှိရမည့် ခိုင်မာတည်ကြည်သည့် စိတ်ဓာတ်၊ ရဲဝံ့စွန့်စားသည့် စိတ်ဓာတ်၊ အတွေ့အကြုံရင့်ကျက်ပြီး နည်းပညာ ကြွယ်ဝမှုရှိရန် ကြိုးစားသွားမည်ဆိုသည့် စိတ်ဓာတ်များနှင့် ပြည်သူကို အလုပ်အကျွေးပြုကြရန် လိုအပ်ကြောင်း။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်နေသည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးပြီး မိမိနိုင်ငံသားတို့အတွက် ပြန်လည်အသုံးချနိုင်ရန် အားထုတ်ကြရန် လိုအပ်ကြောင်း။

**စိန်ခေါ်မှုများကို အနိုင်ယူသွားကြစေလို**

တပ်ဖွဲ့ဝင် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်မြင့်မားအောင် ကြိုးပမ်းနေခြင်းသည် တပ်ဖွဲ့တစ်ခုလုံး၏ ဂုဏ်ကိုမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူထားရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသားများကို မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်း၊ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် အလုပ်အကျွေးပြုရာတွင် ရောင့်ရဲတင်းတိမ်စိတ်မထားဘဲ လိုအပ်ချက်မရှိအောင် စွမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့် မီးသတ်သမားများသည် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေသူတိုင်းကို မိမိတို့အသက်နှင့် ခန္ဓာကိုယ်ကို အရင်းတည်ပြီး ကူညီကယ်တင် ဆောင်ရွက်ရခြင်းကြောင့် ယနေ့ ကျရောက်သည့် မီးသတ်တပ်ဖွဲ့နေ့တွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိသူ၊ အသက်ပေးသွားသူ တပ်ဖွဲ့ဝင်များ၏ ခမ်းနားလွန်းလှသည့် ဂုဏ်ဒြပ်ကို အလေးပြုဦးညွှတ်ရင်း အနာဂတ်တွင် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စိန်ခေါ်မှုများကို အနိုင်ယူသွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက မီးဘေးလုံခြုံရေးအသိပညာပေးရေးဆိုင်ရာ ဂန္ထဝင်သီချင်းဖြစ်သည့် "မီးသတိပြု" သီချင်းအား ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က "မီးသတိပြု" သီချင်းသီဆိုခဲ့သော နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေ(အသက်၉၀နှစ်)၊ မီးသတ်လုပ်ငန်းများကို စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်း(အသက်၉၄နှစ်)နှင့် စစ်မှုထမ်း(ငြိမ်း)/မီးသတ်ဝန်ထမ်း(ငြိမ်း) တပ်ကြပ်ကြီး ဦးထွန်းကြည်(အသက်၉၂နှစ်)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်သည်။

**ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ခြင်းခံရသည့် အငြိမ်းစားမီးသတ်တပ်ဖွဲ့ဝင် အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အခမ်းအနား တက်ရောက်လာကြသူများသည် မီးသတ်ဦးစီးဌာနပြခန်းတွင် ခင်းကျင်းပြသထားသည့် ရှေးဟောင်းမီးသတ်ယာဉ်များနှင့် ခေတ်မီမီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာများ၊ ပြည်တွင်းမှ မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာများ ထုတ်လုပ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ(MSME)၊ ပြည်ပမှ တင်သွင်း/ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီတို့မှ မီးသတ်လုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် ခန်းမအရှေ့တွင် ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် မီးသတ်ယာဉ်များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး Daihatsu (ပြည်တော်သာ) သုံးဘီးမီးသတ်ဆိုင်ကယ်တစ်စီးအား မီးသတ်လုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းတာဝန် ထမ်းဆောင်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ အသက် ၉၄ နှစ်အရွယ်ရှိ အရန်မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်းက လက်တွေ့မောင်းနှင်ပြသမှုကို ကြည့်ရှုအားပေး ဂုဏ်ပြုခဲ့သည်။

အဆိုပါ Daihatsu (ပြည်တော်သာ) သုံးဘီးမီးသတ်ဆိုင်ကယ်ကို ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းနှစ်၌ပင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကာ ပါလီမန်ဒီမိုကရေစီခေတ်အတွင်း၌ ဖြစ်ပွားခဲ့သော မီးလောင်မှုကြီးများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော မီးသတ်ယာဉ်ဖြစ်သည်။ မီးသတ်ယာဉ်ကြီးများ မဝင်ရောက်နိုင်သည့် လမ်းသွယ်၊ လမ်းကျဉ်းများအတွင်းသို့ ဝင်ရောက်ပြီး မီးငြိမ်းသတ်နိုင်သည့် မီးသတ်ယာဉ်တစ်စီးဖြစ်သည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*
အရန် မီးသတ်တပ်ခွဲမှူး ဦးဝမ်သောင်းသည် အရန်မီးသတ်တပ်ဖွဲ့ တာဝန်များကို အသက် ၂၅ နှစ်အရွယ်ကတည်းကစ၍ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ပရဟိတစိတ်ကို အခြေခံကာ ယခု အသက် ၉၄ နှစ်အရွယ်အထိ ၆၉ နှစ်တိုင်တိုင် စွမ်းစွမ်းတမံ ကျန်းမာစွာဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရသည်။

ညနေပိုင်းတွင် (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုညစာစားပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-II)၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ၊ အငြိမ်းစား မီးသတ်တပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သန္ဓေ၊ အရန်၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ၊ ထူးချွန်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ပြည်တော်အေးငြိမ်းမင်္ဂလာဆိုင်းနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် အဆိုရှင်များနှင့် နိုင်ငံကျော်တေးသံရှင်များက တေးသံသာများ၊ မီးသတ်တပ်ဖွဲ့ဝင် အကအဖွဲ့ (ယိမ်း/Dancer)များ၏ အကအလှများဖြင့် စည်ကားစုံလင်စွာ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၅**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်သော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၂၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။



**ပြန်လည်နေရာချထားရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ကြိုးတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် ပြန်လည်လက်ခံရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါက ၎င်းတို့၏ လူမှုဘဝတည်ငြိမ်ရေးအတွက် ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ဘဝရပ်တည်ရေးကိစ္စတို့အတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

**ဆွေးနွေးပြောကြား**

အစည်းအဝေးသို့ တက်ရောက်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ အဆင်ပြေချောမွေ့မှုရှိစေရေး သက်ဆိုင်သူအားလုံးအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ယင်းကဲ့သို့ ဆောင်ရွက်ချက်များကို နိုင်ငံတကာအသိုက်အဝန်းမှ သိရှိရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာသည့် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် အပါအဝင် ကော်မတီဝင်များက ရခိုင်ပြည်နယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် တိုးတက်မှုအခြေအနေများ၊ ရှေ့ပြေးစမ်းသပ်စီမံကိန်း (Pilot Project) ဖြင့် ပြန်လည်လက်ခံရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရသည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လုပ်ငန်းကော်မတီ၏ ၁/၂၀၂၂ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တွဲဖက်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က သတင်းမှန်ပြန်ကြားရေးကို ထိရောက်စွာ ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

**အသိုက်အဝန်းများအကြား မျှတစွာ အကူအညီပေးအပ်ရေး**

ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် ပြောကြားရာတွင် ရခိုင်ပြည်နယ်တွင်း အကူအညီများ ပေးအပ်ရာ၌ အသိုက်အဝန်းများအကြား ခွဲခြားမှုမရှိ မျှတစွာ ပေးအပ်ရေးသည် အရေးကြီးကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာလက်မှတ်ရေးထိုး

နေပြည်တော် မေ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Shanghai Cooperation Organisation– SCO) ၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ခွင့်ပြုကြောင်း စာချွန်လွှာကို အိန္ဒိယနိုင်ငံ၊ ဂိုအာမြို့၌ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်မှ ၅ ရက်အထိ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးကာလအတွင်း အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zhang Ming တို့က ၅-၅-၂၀၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။** (အောက်ပုံ)



အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်အတူ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ၏ ဆွေးနွေးဖက်နိုင်ငံများ ဖြစ်လာသည့် အာရပ်စော်ဘွားများပြည်ထောင်စု၊ ကူဝိတ်နှင့် မော်လ်ဒိုက်ဗ်နိုင်ငံတို့မှ ကိုယ်စားလှယ်များလည်း တက်ရောက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) သည် အစိုးရအချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့က တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယခုအခါ SCO ၏ တင်းပြည့်အဖွဲ့ဝင်များမှာ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ပါကစ္စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘတ်ကစ္စတန်နိုင်ငံတို့ဖြစ်ကြသည်။ SCO သည် အဖွဲ့ဝင်နိုင်ငံများအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့်နယ်ပယ်များတွင် အဓိကပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၅

မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ စတင်ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား ပဲခူးမြို့မှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် ဗုဒ္ဓ ဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပဲခူးမြို့ ဥဿာသီရိစာသင်တိုက်/ နန်းတော်ရာရပ်မှ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် ဘဒ္ဒန္တသူရိယ ဦးဆောင်လျက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း ၉၆ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

ဦးစွာ ဆရာတော်၊ သံဃာတော်ကြီးများအား ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထား ကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထား ကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးများအား ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/ ၃/ ၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု အခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိက အဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်ကြီးများ၏ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်နေမှုများအား စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့ လေ့လာဖူးမြော်ကြည်ညို



**နေပြည်တော် မေ ၅**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV တို့ပါဝင်သောအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လာရောက် လေ့လာဖူးမြော်ကြည်ညိုကြသည်။ (ဝဲပုံ)

ထိုသို့ လေ့လာဖူးမြော်ကြည်ညိုကြသည့် အဖွဲ့များအား တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တော်ကြီးအား အဆင့်ဆင့် တူးဖော်ခြင်းနှင့် ကျောက်တုံးတော်ကြီးအစိတ်အပိုင်းများကို ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ဖြင့် ပင့်ဆောင်ခဲ့ရမှု အခြေအနေများ၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း(၁/၂/၃/၄)တို့အားထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ဆောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှု အခြေအနေများ၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေး သစ်ပင်၊ ပန်းမန်များစိုက်ပျိုးဆောက်ရွက်နေမှု အခြေအနေများ၊ သာသနိကအဆောက်အဦများ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သောအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိသာသနိက အဆောက်အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည်ဆောက်နေမှုများကို လှည့်လည် လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးမြို့နယ် ဘုရားကြီးမြို့၌ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲ ကျင်းပ

**ပဲခူး မေ ၅**
ပဲခူးမြို့နယ် ဘုရားကြီးမြို့တွင် မေ ၃ ရက် နံနက်ပိုင်းက ဘုရားကြီးမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ရဟန်း/ သာမဏေ အပါး ၅၈၀ အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး မွန်းတည့် ၁၂ နာရီတွင် သံဃာများ/ သီလရှင်များနှင့် ဆင်းရဲနွမ်းပါးသူ လူပုဂ္ဂိုလ်များအား မြို့လုံးဆိုင်ရာ ဆွမ်းဆန် စိမ်းလောင်းလှူပူဇော်ပွဲကို ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းမိသားစုများနှင့် မြို့နေပြည်သူများက လှူဒါန်းဖွယ်ရာများ လောင်းလှူပူဇော်ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## လဟယ်မြို့နယ်၌ ရိုးရာရက်ကန်းခတ်နည်း(အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

**လဟယ် မေ ၅**
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ရိုးရာရက်ကန်းခတ်နည်း (အခြေခံ) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ ရိုးရာရက်ကန်းခတ်နည်း(အခြေခံ) သင်တန်းအနေဖြင့် ရိုးရာရက်ကန်းရက်လုပ်ရာတွင် ရက်ကန်းစင်တစ်ခုတွင်ရှိရမည့် အင်္ဂါအစိတ်အပိုင်းများ အကြောင်းကို သင်တန်းတွင် ကျွမ်းကျင်နည်းပြများက သင်တန်းသား သင်တန်းသူ ၂၅ ဦးကို သင်တန်းကာလ ၁၅ ရက်ကြာ စာတွေ့ လက်တွေ့ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းထံမှ သိရသည်။

**ယွန်း(မုံရွာ၊ကိုယ်ပွား)**

## မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသရှိ သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ လေးမျက်နှာဘုရားများ၏ (၉၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**မြောက်ဦး မေ ၅**
ရခိုင်ပြည်နယ် မြောက်ဦးမြို့ အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုနယ်မြေ အတွင်းရှိ အထင်ကရစေတီ၊ ပုထိုးများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်သိမ်၊ အံတော်သိမ်၊ လေးမျက်နှာဘုရားများ၏ (၉၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပလျက်ရှိရာ ပြည်တွင်း ပြည်ပ ခရီးသွားများနှင့် အထူးစည်ကားလျက်ရှိသည်။

အဆိုပါ ပွဲတော်၌ ရခိုင်ရိုးရာကျင်ပွဲများတွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျင်ဝါသနာရှင်များနှင့် ရခိုင်ရိုးရာ ပြိုင်လောင်း(လှေလှော်) ပြိုင်ပွဲတွင်လည်း ဝါသနာရှင်များ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၂ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လာရောက်သည့် ပြည်သူများက စက်လှေများ၊ ငှားရမ်းကာ ရေပေါ်သင်္ကြန်ပွဲတော် အဖြစ်ရေပက်ကစားကြပြီး ရေပေါ် စတိတ်ရှိုးတွင်လည်း ရခိုင်ပြည်နယ်အတွင်းမှ အဆိုတော်များ လာရောက်သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြင့်စိုး၊ စိုးငြိမ်းနိုင်(ပြန်/ဆက်)**



## လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇ / ၂၀၂၃)
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်)

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)] ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ် (၂၃/၁၁၈)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]**ကို ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) [LISU NATIONAL DEVELOPMENT PARTY (L.N.D.P)]**၏ မှတ်ပုံတင်အမှတ်မှာ ( ၁၂ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၈ / ၂၀၂၃ )
၁၃၈၅ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၂ ရက်
( ၂၀၂၃ ခုနှစ် ၊ မေလ ၅ ရက် )

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အကွက် (၁)၊ ဆင်ကူးလမ်း၊ အမှတ် (၁၁၄)တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ ( ၁၃ ) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်ခ် (Minsk) မြို့၌ နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ e-ID ကတ်နှင့် Passport အတွင်းသို့ Biometric အချက်အလက် ဖြည့်သွင်းမှတ်ပုံတင်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် မေ ၅**

ဘယ်လာရုစ်သမ္မတနိုင်ငံတွင် ရောက်ရှိနေသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မင့်စ်ခ်မြို့ ပြည်ထဲရေးဝန်ကြီးဌာန၏ နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဌာနသို့ သွားရောက်လေ့လာခဲ့ရာ ဌာနမှူး Colonel Starikovich Mikhail Vladimirovich က National Database တည်ဆောက်ထားရှိမှုနှင့် ဘယ်လာရုစ်ဗဟိုထိန်းချုပ်ကွပ်ကဲမှုစနစ် ဖွဲ့စည်းထားရှိမှု၊ စနစ်အတွက် လိုအပ်သည့် စီမံကွပ်ကဲမှုလုပ်ငန်းစဉ်များ၊ Biometric စနစ်ဖြင့် အမျိုးသား စိစစ်ရေးမှတ်ပုံတင်စာရွက်စာတမ်းများ သတ်မှတ်ချက်နှင့်အညီ ဖြည့်သွင်းမှတ်ပုံတင်ခြင်း လုပ်ငန်းဆောင်ရွက်မှု၊ e-ID ကတ်နှင့် Biometric အချက်အလက်များ အသုံးပြု၍ Passport ပြုလုပ်နေပုံအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၌ e-ID ကတ်နှင့် Passport အတွင်း ထည့်သွင်းထားသည့် ကိုယ်ရေးအချက်လက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးသည့် Forensic Science Systems သို့ သွားရောက်လေ့လာခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင့်စ်ခ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၏ Cryptotech ကိုယ်ရေးအချက်အလက်များ ထိန်းသိမ်းမှတ်ပုံတင်ရေးစင်တာသို့ သွားရောက်ကြရာ တာဝန်ရှိသူများက e-ID ကတ်နှင့် Passport အတွင်းသို့ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းကိရိယာများ အသုံးပြု၍ Biometric ကိုယ်ရေးအချက်အလက်များ ထည့်သွင်းထုတ်လုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မော်လိုက်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မော်လိုက် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery)ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂ ရက်က ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်က ယခုလိုသင်တန်းမှ သင်ကြားပေးလိုက်သော အတတ်ပညာများသည် ကျေးလက်နေပြည်သူများအတွက် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ပြီး အပိုငွေရရှိသည့် အလုပ်အကိုင်အခွင့်လမ်းများ ပေါ်ပေါက်လာကြောင်း၊ ဌာနအနေဖြင့်လည်း ဒေသတွင်းပြည်သူများ အကျိုးရှိနိုင်မည့် နည်းပညာများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားပြီး သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် သင်တန်းသားများကို ခရိုင်ဦးစီးမှူး ဦးစိုးလှမင်းက ကုန်ချောပစ္စည်းများကို ပေးအပ်သည်။ (ဝဲပုံ)



အဆိုပါ သင်တန်း အမှတ်စဉ် (၁/၂၀၂၃-၂၄) ကို ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြသည်။ သင်တန်းတွင် ကိတ်မုန့်၊ ပေါင်မုန့်၊ ကွတ်ကီး စသည့် မုန့်အမျိုးအစား ၁၄ မျိုး ပြုလုပ်သည့်နည်းပညာများကို ခရိုင်ဦးစီးမှူး ဦးစိုးလှမင်းနှင့် နည်းပြဒေါ်ထက်ထက်ဇော်တို့က ကြီးကြပ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

## (၇၇) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**သီပေါ မေ ၅**

(၇၇) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်မီးသတ်တပ်ဖွဲ့စခန်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရ၏ ဂုဏ်ပြုထောက်ပံ့ငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့ကို ပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မေ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ် တာဝန်ခံများသည် ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာအော်သိုဒေါ့ဘုန်းတော်ကြီး His Eminence Sergiy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရှေးဦးစွာ နှုတ်ခွန်းဆက်စကားပြောကြားပြီး အော်သိုဒေါ့ဘုန်းတော်ကြီးက နိုင်ငံတစ်နိုင်ငံတွင် ဘာသာရေး အဆုံးအမသည် အရေးကြီးပြီး ဘာသာရေးအဆုံးအမ မရှိလျှင် ပျက်စီး၊ ကျဆုံးမှုများ ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်အများစု မှီတင်းနေထိုင်ပြီး ဘာသာရေးအဆုံးအမ ရှိနေခြင်းမှာ ကောင်းမွန်သော အခြေအနေ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ရုရှားလူမျိုးများနှင့် ရုရှားခရီးသွားများအတွက် အော်သိုဒေါ့ ဘုရားရှိခိုးကျောင်းတစ်ကျောင်း တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ရုရှားလူမျိုးများအနေဖြင့် ၎င်းတို့ သွားရောက်လည်ပတ်သော နိုင်ငံများရှိ ရုရှားအော်သိုဒေါ့ဘုရားကျောင်းများသို့ သွားရောက်လေ့ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ ဘုရားကျောင်းရှိခြင်းဖြင့် ရုရှားခရီးသွားဧည့်သည်များကို ဆွဲဆောင်မှု ဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုက ရုရှားခရီးသွားဧည့်သည်များအတွက် ဆွဲဆောင်မှုရှိနေပါကြောင်းနှင့် ဝန်ကြီးဌာနအတွက် ဆုမွန်တောင်းစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုရှားလူမျိုးများသည် ဖွဲ့ရှိ၊ ခိုင်မာမှုရှိပြီး သမိုင်းတွင် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့မှုများအား တွေ့ရှိရပါကြောင်း၊ ရုရှားအော်သိုဒေါ့ ဘာသာရေးအဖွဲ့အစည်းသည်လည်း ဖွဲ့ရှိခိုင်မာသော အဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် လေးစားရပါကြောင်း၊ မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း ဘာသာရေး ခွဲခြားမှုမရှိဘဲ လွတ်လပ်စွာ ကိုးကွယ် ယုံကြည်ခွင့်ရှိပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ရုရှားအော်သိုဒေါ့ ဘုရားကျောင်း တည်ထောင်ခြင်းကမြန်မာ-ရုရှား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်လာရေးအတွက် အထောက်အပံ့ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စင်ကာပူနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာ အော်သိုဒေါ့ဘုန်းတော်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ (ပထမ) အကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၅**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ (ပထမ) အကြိမ် အစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ဦးဆောင်၍ မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် ဓာတုပစ္စည်းကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေ မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး/ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ဓာတုပစ္စည်းများကို ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ ဇယား ၁ နှင့် ၂ ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ သတ်မှတ်သည့် ဇယား ၃ ဖြင့်လည်းကောင်း စုစုပေါင်း ၃၉ မျိုးကို ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်ထားပါကြောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်သိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့်လည်းကောင်း၊ အလားတူ ထိန်းချုပ်ဓာတုစာရင်းတွင် မပါဝင်သည့် အခြားဓာတုပစ္စည်းများကို တရားဝင်ခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ သိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများပြုလုပ်ပါက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေဖြင့်လည်းကောင်း ကြပ်မတ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားဓာတုပစ္စည်းများတွင်လည်း မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးချက်လုပ်ရာ၌ အသုံးပြုနိုင်သည့် ဓာတုပစ္စည်းရာခိုင်နှုန်းများစွာ ရောစပ်ပါဝင်သော ဓာတုပစ္စည်းများကို အဓိကထားသိုလှောင်၊ သယ်ဆောင်ကြောင်း တွေ့ရှိရသဖြင့် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ ဆောင်ရွက်ကြရန် လိုလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုနှင့် အလွဲသုံးမှုကိစ္စရပ်များကို ပိုမိုထိန်းချုပ်နိုင်ရေးအတွက် စိစစ်ကြပ်မတ်ရာတွင် ထိန်းချုပ်ဓာတုပစ္စည်းနှင့် အခြားဓာတုပစ္စည်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလာကြောင်း၊ ဓာတုပစ္စည်းဖြစ်စဉ်များသည် ပြည်သူ့ဘဝလုံခြုံရေးနှင့် အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်သူများထံသို့ မရောက်ရှိစေရေးအတွက် စိစစ်ကြပ်မတ်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းနှင့် အသိပညာပေးရေးလုပ်ငန်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများကို အလွဲသုံးမှုနှင့် လမ်းလွဲရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိက လက်တွဲဆောင်ရွက်မှု (Public-Private Partnership) "PPP" စနစ်ကို တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း၊ ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုမ္ပဏီ/ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်ပေါင်းစပ်ပြီး ထိန်းချုပ်ဓာတုပစ္စည်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဓာတုပစ္စည်းထိန်းချုပ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ဆောင်ရွက်ရန် လမ်းညွှန်ထားသည့် အချက် (၂၀)ကို သက်ဆိုင်ရာဌာနများအလိုက် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်ချမှတ်ခဲ့သည့် ဓာတုပစ္စည်းထိန်းချုပ်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အချက်(၂၀) ကို အသေးစိတ်ချပြရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင်များ၊ ထိန်းချုပ်ဓာတုပစ္စည်းများကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် ဓာတုပစ္စည်းကျွမ်းကျင် ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ် မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဝင်များမှ ဓာတုပစ္စည်းထိန်းချုပ်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ရွှေဘို မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူးက (၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားပြီး၊ အငြိမ်းစားတပ်ဖွဲ့ဝင်များ၊ သက်ကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များကို သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ဂါရဝပြုပူဇော်ကန်တော့ခဲ့ကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် ပရဟိတ၊ လူမှုကူညီရေးအဖွဲ့များ၊ အရန်မီးသတ်တပ်ခွဲမှူး၊ တပ်စုမှူးများ၊ တပ်ဖွဲ့ဝင်များအားဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ် - ၁၉ ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေ မဟုတ်တော့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကြေညာ

**ဂျီနီဗာ မေ ၅**

ကိုဗစ် – ၁၉ ရောဂါသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအခြေအနေ ဟုတ် မဟုတ် ဆုံးဖြတ်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကျွမ်းကျင်သူများကို ဖိတ်ခေါ်ကာ စည်းဝေးခဲ့သည်။ ကမ္ဘာ့နေရာအနှံ့အပြားမှ ကျွမ်းကျင်သူများနှင့် ကျန်းမာရေးဆိုင်ရာအရာရှိများသည် မေ ၄ ရက်က အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ကိုဗစ်– ၁၉ သည် ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်စရာကောင်းသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ ဟုတ် မဟုတ် ဆုံးဖြတ်ရန်အတွက် တံခါးပိတ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် မေ ၅ ရက်တွင် ကိုဗစ်–၁၉ မှာ ကမ္ဘာလုံးဆိုင်ရာစိုးရိမ်စရာကောင်းသည့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမဟုတ်တော့ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ဂျီနီဗာမြို့၌ ပြုလုပ်သည့် အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကိုဗစ် –၁၉ ကို အရေးပေါ်အခြေအနေအဖြစ် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆု။

# လာအိုနိုင်ငံ၌ ဧပြီလအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၉၀ ကျော်ရှိ

**ဗီယင်ကျန်း မေ ၅**

လာအိုနိုင်ငံတစ်ဝန်း ဧပြီလ အတွင်း ယာဉ်မတော်တဆမှု ဖြစ်ပွားခြင်းကြောင့် စုစုပေါင်း ၁၁၇၃ ဦးဒဏ်ရာရရှိကြောင်း သိရသည်။

လာအိုနိုင်ငံတစ်ဝန်း ဧပြီလ အတွင်း ယာဉ်မတော်တဆမှု ၇၀၂ ခုဖြစ်ပွားခြင်းကြောင့် လူ ၉၀ သေဆုံးပြီး ၁၁၇၃ ဦး ဒဏ်ရာရရှိကြောင်း၊ ယာဉ်ပေါင်း ၁၂၄၄ စီး ပျက်စီးခဲ့ကြောင်း လာအိုပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနအောက်ရှိ ယာဉ်ထိန်းရဲဌာနက မေ ၅ ရက်တွင် ထုတ်ပြန်ထားသည်။



မြို့တော် ဗီယင်ကျန်းတွင် ယာဉ်မတော်တဆမှုအရေအတွက် ၁၀၄ မှုဖြင့် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပြီး ချန်ပါဆပ်တွင် ၉၆ ခုနှင့် ဆာဗန်နက်ခ်ဟက်ပြည်နယ်တွင် ၈၀ ရှိကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းမှာ အရက်မူးပြီး မောင်းနှင်ခြင်းနှင့် အရှိန်လွန် မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံအလယ်ပိုင်း၌ အားပြင်းငလျင်လှုပ်မှုကြောင့် တစ်ဦးသေဆုံး

**တိုကျို မေ ၅**

ဂျပန်နိုင်ငံ ဆူဇူမြို့တော်၌ ငလျင်လှုပ်မှု ဖြစ်ပွားပြီးနောက် အမျိုးသားတစ်ဦးသေဆုံးကြောင်း အာဏာပိုင်များက ပြောကြားသည်။ အဆိုပါ အမျိုးသားမှာ လှေကားမှ ပြုတ်ကျခြင်းဖြစ်ကြောင်း သိရသည်။

လာမည့်သီတင်းပတ်အတွင်း ဒေသအတွင်း အခြားအင်အားပြင်းသည့် ငလျင်လည်း လှုပ်နိုင်ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတိပေးထားသည်။ လာမည့်နှစ်ရက် သို့မဟုတ် သုံးရက်အတွင်း ပြင်းအား ၆ အဆင့်ရှိ ငလျင်တစ်ခု လှုပ်နိုင်သဖြင့် သတိဖြင့် နေထိုင်ကြရန် အေဂျင်စီ၏ ရှီမိုရာမ တိုရှီဟီရိုက ပြောကြားသည်။


အင်အားပြင်းငလျင်လှုပ်မှုကြောင့် ကားတစ်စီးပေါ်သို့ အိမ်ပြိုကျနေသည်ကို တွေ့ရစဉ်။

မေ ၅ ရက်တွင် ဒေသစံတော်ချိန် ညနေ ၂ နာရီ ၄၂ မိနစ်ဝန်းကျင်က ပြင်းအား ၆ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငလျင်မှာ နိုတိုဒေသအတွင်း အနက် ၁၂ ကီလို မီတာကို ဗဟိုပြုခဲ့ကြောင်း မိုးလေဝသ အေဂျင်စီက ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ဆူဇူမြို့၌ ဘုရားကျောင်း တစ်ခုနှင့် အဆောက်အအုံ အများအပြား ပြိုကျခဲ့ကြောင်း ဆူဇူမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ထပ်မံ၍ ဂျပန်ပင်လယ် ကမ်းရိုးတန်းပေါ်ရှိ အီရှီခါဝါ စီရင်စုတွင် မေ ၅ ရက် ည ၉ နာရီ ၅၈ မိနစ်ဝန်းကျင်တွင်လည်း ဒုတိယမြောက်အင်အားပြင်းသည့် ငလျင်လှုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်မှာ ပြင်းအား ၅ ဒသမ ၈ ရှိသည်ဟု ခန့်မှန်းထားပြီး နိုတိုဒေသကို ဗဟိုပြုလှုပ်ခတ်ကာ အနက် ၁၀ ကီလိုမီတာရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အေအိုင် (ဉာဏ်ရည်တု)လုံခြုံစိတ်ချမှုရှိစေရန် နည်းပညာကုမ္ပဏီကြီးများကို အမေရိကန်ဒုတိယသမ္မတ တောင်းဆို

**ဝါရှင်တန် မေ ၅**

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်သည် နည်းပညာကုမ္ပဏီကြီး လေးခု၏ အကြီးအကဲများကို ၎င်းတို့၏ ထုတ်ကုန်သစ်ဖြစ်သည့်အေအိုင် (ဉာဏ်ရည်တု) လုံခြုံစိတ်ချမှုရှိစေရန် တောင်းဆိုခဲ့သည်။ ၎င်းသည်နည်းပညာကုမ္ပဏီကြီးများ၏စီအီးအိုများကို မေ ၄ ရက်က အိမ်ဖြူတော်တွင် တွေ့ဆုံခဲ့သည်။ ၎င်းတို့မှာ ဂူဂဲလ်၊ မိုက်ခရိုဆော့ဖ်နှင့် အခြားကုမ္ပဏီ နှစ်ခုတို့မှဖြစ်ကြသည်။ အေအိုင်စနစ်သည် ပြည်သူများ၏ဘဝကို မြှင့်တင်ပေးနိုင်ပြီး အဓိက လူမှုရေးပြဿနာများကို ဖြေရှင်းပေးနိုင်သည်။ သို့သော်လည်း အဆိုပါနည်းပညာကြောင့် ဘေးကင်းရေးနှင့် လုံခြုံရေးတို့အတွက်လည်း ခြိမ်းခြောက်လာနိုင်ကြောင်းနှင့် ပြည်သူများ၏ကိုယ်ရေးကိုယ်တာများနှင့် အခွင့်အရေးများကိုလည်း ချိုးဖောက်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ နည်းပညာကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်လုံခြုံစိတ်ချရမှုအတွက်လည်း ကျင့်ဝတ်နှင့် ဥပဒေဆိုင်ရာတာဝန်များရှိသည်ဟု ၎င်းကပြောကြားခဲ့သည်။ အမျိုးသားအေအိုင် သုတေသနအင်စတီကျူများကို တည်ထောင်ရန်အတွက် အမေရိကန်က ဒေါ်လာသန်း ၁၄၀ ရင်းနှီးမြှုပ်နှံထားသည်ဟု ကြေညာခဲ့သည်။ အေအိုင်စနစ်၏ ဘေးကင်းလုံခြုံရေးကိစ္စရပ်များအပါအဝင် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ပြည်တွင်းအေအိုင်စနစ် ကျွမ်းကျင်သူများနှင့်တိုင်ပင်ပြီး ဥရောပသမဂ္ဂနှင့်အတူ လက်တွဲလုပ်ကိုင်သွားရန် မျှော်လင့်ထားသည်ဟု အမေရိကန်အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောသည်။ ဥရောပသမဂ္ဂသည် အေအိုင်ဥပဒေကို ရေးဆွဲလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**


အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်။

## နီပေါနိုင်ငံအရှေ့ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီး လူတစ်ဦးသေဆုံး

**ခတ္တမန္ဒူ မေ ၅**

နီပေါနိုင်ငံအရှေ့ပိုင်း ဆန်ကူဝါဆာဘာဒေသတွင် မေ ၅ ရက် မွန်းလွဲပိုင်းက ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ပြီးနောက် လူတစ်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။

ရဟတ်ယာဉ်သည် အထက်အာရမ်ရေအားလျှပ်စစ်စီမံကိန်းအတွက် ကုန်ပစ္စည်းများကို သယ်ယူရာတွင် သစ်ပင်နှင့် တိုက်မိပြီး ဆင်းသက်ရန် ကြိုးစားစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်းအတွက် အလုပ်လုပ်သောလူတစ်ဦး သေဆုံးခဲ့ပြီး တခြားလေးဦး ဒဏ်ရာရရှိခဲ့သည်။ ဒေသဆေးရုံသို့ ပို့ဆောင်ရန်ကြိုးစားစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက ပြောသည်။ ဒဏ်ရာရရှိသူအားလုံးကို နောက်ထပ်ကုသမှုခံယူနိုင်ရန် ခတ္တမန္ဒူသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ဧပြီ ၉ ရက်ကလည်း ကုန်တင်လေယာဉ်တစ်စင်း ဒေါ်လာဂီရီတောင် အနီးဒေသတွင် ပျက်ကျခဲ့သေးသော်လည်း သေဆုံးသူမရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဆားဘီးယားနိုင်ငံ၌ ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် ရှစ်ဦးသေဆုံး

**ဘဲလ်ဂရိတ် မေ ၅**

ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်တောင်ဘက် ၆၀ ကီလိုမီတာခန့်အကွာ မယ်ဒန်နိုဗက်မြို့အနီး ကျေးရွာများ၌ ပစ်ခတ်မှုဖြစ်ပွားရာ ရှစ်ဦးထက်မနည်းသေဆုံးပြီး ၁၃ ဦးဒဏ်ရာရရှိကြောင်း ဒေသတွင်းမီဒီယာများက မေ ၅ ရက်တွင် ဖော်ပြထားသည်။

အသက် ၂၁ နှစ်ဝန်းကျင်ရှိ အမျိုးသားတစ်ဦးဖြစ်သည့် သေနတ်သမားမှာ ကျေးရွာတစ်ခုတွင် ပစ်ခတ်ခဲ့ပြီးနောက် အနီးနားရှိကျေးရွာတစ်ခုတွင်လည်း ဆက်လက်ပစ်ခတ်ခဲ့ကြောင်း သိရသည်။ သံသယရှိသူအား ရှာဖွေရန်အတွက် အထူးတပ်ဖွဲ့ ၆၀၀ ဝန်းကျင်နှင့် ရဟတ်ယာဉ်တစ်စင်းကို တပ်ဖြန့်ထားကြောင်း အာတီအက်စ်က ပြောကြားသည်။ အဆိုပါပစ်ခတ်မှုမှာ ဆာဘီးယားနိုင်ငံ၌ နှစ်ရက်အတွင်း ဒုတိယမြောက် ပစ်ခတ်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗိုဗီနမ်(ခွန်ဘိုကာတာ) အားကစားနည်းမှ မြန်မာနိုင်ငံအတွက် ပထမဦးဆုံးငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိ

**ကမ္ဘောဒီးယား မေ ၅**

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံရှိ မြို့ကြီး ငါးမြို့တွင် ကျင်းပလျက်ရှိရာ ဖနောင်ပင်မြို့ရှိ Chroy Changvar Convention Centre, Hall (C)၌ ကျင်းပသည့် ဗိုဗီနမ်(ခွန်ဘိုကာတာ)အားကစားနည်း(အမျိုးသား/အမျိုးသမီး) အခြေခံပြကွက်(လက်)ပြိုင်ပွဲ၊ ဝါးညှပ်အကပြိုင်ပွဲ၊ လက်သိုင်းအပြပြိုင်ပွဲတို့တွင် မြန်မာအားကစားအဖွဲ့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (အမျိုးသမီး)အခြေခံပြကွက်(လက်)ပြိုင်ပွဲတွင် မနီလာစိုးဦးက မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ငွေတံဆိပ်ဆုကိုလည်းကောင်း၊ (အမျိုးသား)အခြေခံပြကွက်(လက်)ပြိုင်ပွဲတွင် မောင်လှိုင်ချစ်ဦးက မြန်မာနိုင်ငံအတွက် ပထမဆုံး ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (အမျိုးသမီး) ဝါးညှပ်အကပြိုင်ပွဲတွင် မမြတ်နိုးဝေက ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ (အမျိုးသား)လက်သိုင်းအပြပြိုင်ပွဲတွင် မောင်ခန့်လွန်းဇော်က ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားကို မေ ၄ ရက်တွင် ကျင်းပရာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံးငွေတံဆိပ်ဆုရရှိခဲ့သည့် မနီလာစိုးဦးကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံကလည်းကောင်း၊ အခြားပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တာဝန်ရှိသူများကလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြသည်။

မြန်မာအားကစားသမား အနေဖြင့် မေ ၄ ရက်အထိ ငွေတံဆိပ် တစ်ခု၊ ကြေး သုံးခု စုစုပေါင်း ဆုတံဆိပ် လေးခု ဆွတ်ခူးရရှိထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ဗိုဗီနမ် (ခွန်ဘိုကာတာ)အားကစားနည်းတွင် ငွေတံဆိပ်ဆုရ မနီလာစိုးဦး(ဝဲအစွန်)နှင့် ဆုရကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဆီးဂိမ်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မြန်မာအပါအဝင် ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၅**

(၃၂)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘော်လီဘောပြိုင်ပွဲကို မေ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းအပါအဝင် ရှစ်သင်းယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် ၂၀၁၇ မလေးရှား ဆီးဂိမ်းပြိုင်ပွဲတွင် နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ယခုအကြိမ်မှသာ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ဆီးဂိမ်းအမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်ကြသည်။ အုပ်စုပွဲများကို မေ ၉၊ ၁၀၊ ၁၁ ရက်တွင် သုံးရက်ဆက်တိုက် ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် အုပ်စုလေးပွဲနှုန်း ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး မေ ၁၀ ရက်တွင် ထိုင်းအသင်း၊ မေ ၁၁ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

## မြန်မာကစားသမားများယှဉ်ပြိုင်မည့် ဆီးဂိမ်းလမ်းလျှောက်နှင့် မာရသွန်ပြိုင်ပွဲ ယနေ့ကျင်းပမည်

**နေပြည်တော် မေ ၅**

မြန်မာပြေးခုန်ပစ်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြေးခုန်ပစ် အားကစားနည်းမှ လမ်းလျှောက်နှင့် မာရသွန်ပြိုင်ပွဲကို မေ ၆ ရက် **(ယနေ့)** စတင်ကျင်းပမည် ဖြစ်သည်။

မာရသွန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက အမျိုးသမီးပွဲစဉ်သာ ယှဉ်ပြိုင်မည်ဖြစ်ပြီး အေးအေးသန်းနှင့် မြင့်မြင့်အေး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင်မူ အမျိုးသား၊ အမျိုးသမီး ပွဲစဉ် နှစ်ခုစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲ၌ မိုးညီညီမိုးနှင့် ပြည့်ဖြိုးထွန်း၊ သန်းသန်းစိုးနှင့် ဇင်မေထက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ကစားသမား ၁၂ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် အမျိုးသားပွဲစဉ်များအနက် မီတာ ၈၀၀ ပြိုင်ပွဲနှင့် မီတာ ၁၅၀၀ ပြိုင်ပွဲတွင် မင်းမင်းဇော်၊ ဟိန်းထက်အောင်၊ မီတာ ၅၀၀၀ ပြိုင်ပွဲနှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် သန်းထိုက်စိုးနှင့် ဆန်းနိုင်၊ ကြိုးတပ်သံလုံးပစ် ပြိုင်ပွဲတွင် ရဲထက်အောင်၊ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် မိုးညီညီမိုးနှင့် ပြည့်ဖြိုးထွန်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသမီး ပွဲစဉ်များအနက် မီတာ ၃၀၀၀ တားဆီးကျော်ပြိုင်ပွဲ၊ မီတာ ၅၀၀၀ ပြိုင်ပွဲနှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ခင်မာဆယ်၊ မီတာ ၁၀၀၀၀ ပြိုင်ပွဲ နှင့် မာရသွန်ပြိုင်ပွဲတွင် အေးအေးသန်း၊ မာရသွန်ပြိုင်ပွဲတွင် မြင့်မြင့်အေး၊ ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် သန်းသန်းစိုးနှင့် ဇင်မေထက်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

## ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် လက်ရှိချန်ပီယံ ဗီယက်နမ် ယနေ့ကစားမည်

**နေပြည်တော် မေ ၅**

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲအုပ်စု ဒုတိယနေ့ကို မေ ၆ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိ ချန်ပီယံ ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုဒုတိယနေ့တွင် အုပ်စု လေးပွဲကျင်းပမည်ဖြစ်ပြီး ဆီမီး ဖိုင်နယ်တက်ရောက်နိုင်သည့်အသင်းများ၊ တက်ရောက်ခွင့်ရရန် အခြေအနေကောင်းမည့် အသင်းများလည်း ထွက်ပေါ်လာနိုင်သည်။ ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ လာအိုအသင်းနှင့် ထိုင်းအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဖိလစ်ပိုင်နှင့် မလေးရှား၊ အိမ်ရှင်ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေး အဓိကပြိုင်ဘက် နှစ်သင်းဖြစ်သည့် ဖိလစ်ပိုင်၊ ဗီယက်နမ်တို့နှင့် စတင်ကစားရခြင်းဖြစ်ပြီး ဖိလစ်ပိုင်ကို အနိုင်ယူပြီးဖြစ်ရာ ဗီယက်နမ်ထံမှ အမှတ်ထပ်မံရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ရာ ဗီယက်နမ်နှင့်ပွဲတွင် အမှတ်ရယူနိုင်ရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားမည်ဖြစ်သည်။

အုပ်စုပထမပွဲ ကစားအပြီးတွင် အုပ်စု (က)၌ ဗီယက်နမ်နှင့် မြန်မာအသင်းက သုံးမှတ်စီရရှိထားပြီး ဖိလစ်ပိုင်နှင့် မလေးရှားအသင်းက အမှတ်မရသေးပေ။ အုပ်စု(ခ)၌ ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းက သုံးမှတ်စီ ရထားပြီး လာအိုနှင့် စင်ကာပူအသင်းက အမှတ်မရသေးပေ။

ရဲရင့်လွင်

# (၃၂) ကြိမ်မြောက် ဆီးဂိမ်း (အရှေ့တောင်အာရှအားကစား) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၅**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း (အရှေ့တောင်အာရှအားကစား) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၅ ရက် ညနေပိုင်းက Morodok Techo National Stadium ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံ အလံကို သတ်မှတ်နေရာတွင် လွှင့်တင်ပြီး ရိုးရာအကများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ဖျော်ဖြေကြသည်။ ယင်းနောက် ပြိုင်ပွဲဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမော၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အိမ်ရှင်ကမ္ဘောဒီးယားအားကစားအဖွဲ့များ ကွင်းအတွင်း ဝင်ရောက်နေရာယူကြသည်။ ယင်းနောက် အရှေ့တောင်အာရှ အားကစားအဖွဲ့ချုပ်အလံနှင့် ဆီးဂိမ်းပြိုင်ပွဲအလံတို့ကို ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံဂုဏ်ဆောင်အားကစားသမားများက ကွင်းအတွင်း သယ်ဆောင်ကာ သတ်မှတ်နေရာတွင် လွှင့်တင်ကြသည်။ ထို့နောက် ဖွင့်ပွဲအခမ်းအနားအစီအစဉ်များ ဆက်လက်ကျင်းပသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပခြင်းဖြစ်ပြီး မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အားကစားနည်းအချို့ကို ဧပြီ ၂၉ ရက်ကတည်းက စတင်ကျင်းပလျက်ရှိပြီး ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၆ မျိုး၊ သရုပ်ပြအားကစားနည်း တစ်မျိုး စုစုပေါင်း ၃၇ မျိုး ထည့်သွင်းကျင်းပလျက်ရှိသည်။ ဆုတံဆိပ်ချီးမြှင့်မည့် အားကစားနည်း ၃၆ မျိုးတွင် ရွှေတံဆိပ် ၅၈၄ ခု ချီးမြှင့်မည်ဖြစ်ပြီး ပထမဆုံးကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲဖြစ်သောကြောင့် အောင်မြင်စွာကျင်းပနိုင်ရန် အချိန်ယူပြင်ဆင်ထားခြင်းဖြစ်သည်။ ယခုပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး မြန်မာနိုင်ငံက အားကစားနည်း ၁၉ မျိုးတွင် အားကစားသမား ၃၄၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။




ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၁၉၆၃ ခုနှစ်တွင် အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသော်လည်း ပြည်တွင်းနိုင်ငံရေး အခြေအနေများကြောင့် ဖျက်သိမ်းခဲ့ရကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံသည် နှစ်ပေါင်း ၆၀ ကြာမှ ပြန်လည်ကျင်းပနိုင်ခြင်း ဖြစ်သည်။

ရဲရင့်လွင်

ဓာတ်ပုံ – seagames2023၊ BTV cambodia

# မိုးကြိုကာလနှင့် မိုးရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှု အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၅**

မိုးကြိုကာလနှင့် မိုးရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍကြိုတင်ပြင်ဆင်မှု အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်သည်။ **(ယာပုံ)**

**ထိခိုက်ဆုံးရှုံးမှုများကြုံတွေ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေများသည့် နိုင်ငံများတွင်ပါဝင်ပြီး လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ကြီးမားစွာဖြစ်ပွားခဲ့သည့် ဘေးအန္တရာယ်ဖြစ်စဉ်များတွင်လည်း ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ယခင်နှစ်များတွင်လည်း ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် စွမ်းရည်မြှင့်တင်မှု သင်တန်းအမျိုးမျိုးကို ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၃ ခုနှစ် ဧပြီလအတွင်း၌လည်း စောစီးစွာသတင်းရယူခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းစနစ် (Early Warning, Alert and Response System–EWARS) သင်တန်းကို ပြုလုပ်ခဲ့ပါကြောင်း။

**ကြိုတင်ပြင်ဆင်မှုများအလေးထားဆောင်ရွက်**

မိုးကြိုကာလနှင့် မိုးရာသီကာလတွင် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်ခြင်း၊ ထိုသို့ လေဖိအားနည်းရပ်ဝန်းများမှ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်နှင့် မုန်တိုင်းတို့ ဖြစ်ပေါ်လာနိုင်သဖြင့် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များကိုလည်း မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုစေလိုပါကြောင်း၊ ထိုသို့သော ဘေးအန္တရာယ်များအတွက် မိမိတို့ ကျန်းမာရေးကဏ္ဍမှ ကြိုတင်ပြင်ဆင်မှုများကို ပြည့်စုံသေချာစေရေးအတွက် ဆန်းစစ်မှုပုံစံ (Checklist) များဖြင့် စနစ်တကျကြိုတင်ပြင်ဆင် လုပ်ဆောင်ထားစေလိုပါကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်စေလိုပါကြောင်း။

**အရေးပေါ်တုံ့ပြန်ရေးအသင့်ပြုလုပ်ထား**

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများ၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကွပ်ကဲမှုစင်တာ (Public Health Emergency Operations Center) များကိုလည်း အသင့်အနေထားတွင် ထားရှိရမည်ဖြစ်ပါကြောင်း၊ ကြိုတင်ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များ၊ ခရိုင်နှင့် မြို့နယ်အဆင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များကိုလည်း အသင့်အနေအထား ပြုလုပ်ထားစေလိုပါကြောင်း။

မုန်တိုင်းဘေးအန္တရာယ်ကဲ့သို့ ကြိုတင်သိရှိနိုင်သော ဘေးအန္တရာယ်အတွက်သာမက ကြိုတင်ခန့်မှန်းရခက်ခဲသော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်မှုများ အမြဲမပြတ်လုပ်ဆောင်ထားရှိစေရေး တိုက်တွန်းလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များအား စနစ်တကျစီမံခန့်ခွဲမှု၊ အရေးပေါ်ဆေးနှင့် ဆေးပစ္စည်းများ စီမံခန့်ခွဲမှုတို့သည် အရေးကြီးပါကြောင်း။

**အတွေ့အကြုံများပါဝင်ဆွေးနွေး**

တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ လမ်းညွှန်ချက်များရယူကာ နီးနွယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ယခင်က ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံကောင်းများကို အခြေခံကာ ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် "မိုးကြိုကာလနှင့် မိုးရာသီကာလတွင် ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှု အလုပ်ရုံဆွေးနွေးပွဲ"ကိုလည်း ယနေ့မှ နှစ်ရက်ဆက်လက်ပြုလုပ်သွားမည်ဖြစ်သဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တက်ရောက်လာသူများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများကို အခြေခံကာ ပါဝင်ဆွေးနွေးဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် သဘာဝဘေးနှင့် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲက ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြကြသည်။

**ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများတင်ပြ**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ယခင်နှစ်များတွင်ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်ဖြစ်စဉ်များတွင် တုံ့ပြန်ဆောင်ရွက်ခဲ့မှုများ၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနများ၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ၊ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကွပ်ကဲမှုစင်တာများ၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများ ပြင်ဆင်ထားရှိမှု အခြေအနေများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူပြီး နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်နေသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးချက်များအပေါ် ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးမှုများနှင့် အကြံပြုမှုများကို ဆောင်ရွက်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်အတူ မိုးကြိုကာလနှင့် မိုးရာသီကာလတွင် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှု အလုပ်ရုံဆွေးနွေးပွဲကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် မေ ၆ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မြန်မာအားကစားအဖွဲ့များကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် မြန်မာအားကစား အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အတူ မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များ အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရန်နှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များနှင့် ကျန်းမာရေးကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ယနေ့နံနက် ၉ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Hotel Cambodiana ၌ တည်းခို နေထိုင်လျက်ရှိသည့် မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့၊ Anik Palace Hotel ၌ တည်းခို နေထိုင်လျက်ရှိသည့် မြန်မာပီတန်း အားကစားအဖွဲ့၊ Citadines hotel ၌တည်းခိုနေထိုင်လျက်ရှိသည့် မြန်မာဘော်လီဘော (အမျိုးသား) အားကစားအဖွဲ့တို့မှ အုပ်ချုပ်သူ/ နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(ယာပုံ)**

**နိုင်ငံ့ဂုဏ်သိက္ခာမြှင့်တက်စေရန်**

ပြည်ထောင်စု ဝန်ကြီးက မြန်မာ အားကစားအဖွဲ့များ အားလုံး ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့်အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်လိုကြောင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိရန်နှင့် အသင်းအဖွဲ့စိတ်ဓာတ် ထားရှိရမည် ဖြစ်ကြောင်း၊ ခြင်းလုံးအားကစားနည်းသည် မြန်မာနိုင်ငံ၏ ရိုးရာအားကစားနည်းဖြစ်သည့်အတွက် ခြင်းလုံးအားကစားနည်းဖြင့် ရွှေတံဆိပ်ဆုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် မိမိတို့၏ အရည်အချင်း၊ အရည်အသွေးများကို ဖော်ထုတ်ပြသပြီး ယှဉ်ပြိုင်ကစားသွားကြရန်လိုကြောင်း၊ မိမိနိုင်ငံ့ဂုဏ်သိက္ခာမြှင့်တက်စေရန်နှင့် နိုင်ငံတော်အလံအား နိုင်ငံတကာ၏အလယ်တွင် လွှင့်တင်နိုင်ပြီး နိုင်ငံတော်သီချင်းအား ဂုဏ်ယူဝင့်ကြွားစွာ သီဆိုနိုင်စေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အောင်မြင်မှုဆုတံဆိပ်များ ရရှိအောင် အားကစားသမားများ အနေဖြင့် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက် အားကစားသမား၏ အားသာချက်/ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်တို့ဖြင့် နောက်ဆုံးအချိန်အထိ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ် ယှဉ်ပြိုင်သွားကြရန် လိုကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

နည်းပြများက စနစ်တကျ လေ့ကျင့် သင်ကြားပေးသည့်အတိုင်း ပြိုင်ပွဲတွင် ကြိုးစား ယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ အုပ်ချုပ်သူ/ နည်းပြများအနေဖြင့် မိမိ အားကစားသမားများအား တည်းခိုနေထိုင် သွားလာရေးနှင့် စားသောက်မှုများ အဆင်ပြေချောမွေ့စေပြီး လိုအပ်ချက်မရှိအောင်ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်မှာကြားခဲ့ပြီး အခက်အခဲများရှိပါက အချိန်နှင့် တစ်ပြေးညီ တာဝန်ရှိသူများထံ တင်ပြပေးရန်ပြောကြားသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများကျင်းပ

**နေပြည်တော်  မေ  ၅**

၂၀၂၃ ခုနှစ် မေ ၅ ရက် ယနေ့တွင်ကျရောက်သော (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးခရိုင်မီးသတ်ဦးစီးမှူးရုံး မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် စစ်ရေးပြကွင်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ခိုင်သဇင်ပန်းခြံရှိ မြို့တော်ခန်းမတို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ အခမ်းအနား မိန့်ခွန်းများ ပြောကြားကြသည်။ ထို့နောက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်းကိရိယာများအား လှည့်လည်ကြည့်ရှုကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း မရမ်းကုန်းမြို့နယ်ရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည့် (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော်  မေ  ၅**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များအကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန် နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်း လူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်)ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်ရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူစုစုပေါင်း ၆၀ တို့ကို သက်ဆိုင်ရာနယ်မြေ အသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ)ရေကြောင်းလူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ရှိလေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ လေကြောင်းလူငယ် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ လေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀ တို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော် (လေ) လေကြောင်း လူငယ်သင်တန်းစခန်း ၁၇ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




တပ်မတော်(ရေ) က ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား လေ့ကျင့်သင်ကြားပေးစဉ်။

# မူဆယ်မြို့၌ မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

**မူဆယ်  မေ  ၅**

(၇၇) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြို့အဝင်မီးပွိုင့်လမ်းဆုံ လေယာဉ်ကွင်း ကွင်းပြင်၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မူဆယ်ခရိုင်/မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ အထပ်မြင့်အဆောက်အအုံများတွင် အသက်ကယ်ခြင်းများအား သရုပ်ဖော်ပြသသည်။ **(ယာပုံ)**

ဆက်လက်၍ (၇၇)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် ဝါ၊ စိမ်း၊ နီ ရောင်စုံများနှင့် အလှပြရေပက်ဖျန်းခြင်း ပြသဆောင်ရွက်သည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

**ချယ်ရီမြေ(မူဆယ်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၈ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၈) ရာခိုင်နှုန်းရှိ

**(၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၁၈,၉၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၆၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၀၄၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၂) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၃၀ | ၁၉၂၅ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၅ | ၂၀၁၀ | ၂၀၂၅ | ၁၉၂၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၇၀ | ၂၂၀၀ | ၂၈၁၀ |
| 95 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၁၅ | ၁၉၇၅ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၀ | ၂၀၀၀ | ၂၁၁၅ | ၂၀၀၅ | ၂၀၂၅ | ၂၀၅၀ | ၂၀၅၅ | ၂၀၅၅ | ၂၂၈၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၃၀ | ၁၈၈၀ | ၁၈၈၀ | ၁၈၄၀ | ၁၈၈၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၈၅ | ၁၉၈၀ | ၁၈၇၀ | ၁၈၈၅ | ၁၉၁၅ | ၁၉၂၀ | ၁၉၂၀ | ၂၁၅၀ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၁၀ | ၁၉၆၀ | ၁၉၆၀ | ၁၉၂၀ | ၁၉၆၀ | ၁၉၈၅ | ၁၉၈၀ | ၁၉၄၅ | ၂၀၆၅ | ၂၀၆၀ | ၁၉၅၀ | ၁၉၆၅ | ၁၉၉၅ | ၂၀၀၀ | ၂၀၀၀ | ၂၂၃၀ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၇၉ | ၁၈၄၈ |
| 95 Ron | ၁၈၆၄ | ၁၉၃၄ |
| HSD (500 ppm) | ၁၇၃၇ | ၁၈၀၁ |
| HSD (50 ppm) | ၁၈၁၀ | ၁၈၇၆ |
| HSD (10 ppm) | ၁၈၁၀ | ၁၈၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ချောက်မြို့နယ်၌ မိုးရာသီအကြို ရှားစေးနှင့် ကန္တာရစိမ်းစေ့ သိန်း ၃၀ ကျော်စိုက်ပျိုး

**ချောက် မေ ၅**

ချောက်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီအကြို ရှားစေ့နှင့် ကန္တာရစိမ်းစေ့သိန်း ၃၀ ကျော် စိုက်ပျိုးပွဲကို မေ ၃ ရက်က ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး ဧရိယာအပြင်စည်းနယ်မြေ ဂဲကြီးကုန်းရှိ ကျောက်ဖျာလိပ်ကုန်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေကျော်က အမှာစကားပြောကြားပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန မကွေးခရိုင် ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သစ်စေ့စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

အဆိုပါ သစ်စေ့စိုက်ပွဲတွင် ရှားစေ့ ၁၅၂၀၆၄၀ နှင့် ကန္တာရစိမ်းစေ့ ၁၅၀၀၀၀၀ စုစုပေါင်း သစ်စေ့ ၃၀၂၀၆၄၀ ကို စုပေါင်းစိုက်ပျိုးကြပြီး မြို့နယ်ကျန်းမာရေးဌာန မြို့နယ်ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက သစ်စေ့စိုက်ပွဲတက်ရောက် လာသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လေပြင်းတိုက်ခြင်းနှင့် မိုးကြီးခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၅**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် မေ ၇ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး မေ ၈ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ သင်္ချာပုံစံပြမော်ဒယ်များ၏ ခန့်မှန်းချက်များအရ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းအနီးသို့ ရောက်ရှိနိုင်ပါသဖြင့် မေ ၉ ရက်မှ ၁၃ ရက်အထိ မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

ယခုအချိန်တွင် မုန်တိုင်းစတင်အစပျိုးခြင်း မရှိသေးပါသဖြင့် ခန့်မှန်းချက်များအားလုံးသည် တိုင်းထွာသည့် အချိန်၊ အသုံးပြုသည့် Data နှင့် ခန့်မှန်းတွက်ချက်သည့်မော်ဒယ်တို့အပေါ်မူတည်၍ မုန်တိုင်းရွေ့လျားမည့်လမ်းကြောင်း အမျိုးမျိုးပြောင်းလဲနေပါသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တွက်ချက်ရရှိသည့် ခန့်မှန်းချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မုံရွာမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းတွင် KG+9 အောင်မြင်သော ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေး

**မုံရွာ မေ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ မုံရွာမြို့နယ်အတွင်းရှိ အ.ထ.က(၂)၊ မုံရွာမြို့ နှင့် အ.ထ.က(၂) အလုံ၊ မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၂-၂၀၂၃ ခု ပညာသင်နှစ် KG+9 အောင်မြင်ထားသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မုံရွာမြို့ အ.ထ.က(၂) ခန်းမတွင်လည်းကောင်း၊ ညနေပိုင်းတွင် (အလုံ)အ.ထ.က(၂) ခန်းမတွင်လည်းကောင်း ပြုလုပ်ဆောင်ရွက်သည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲများအနက် နံနက်ပိုင်း အ.ထ.က(၂)၊ မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်း တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ဖွင့်လှစ်မည့် အခြေအနေ၊ တက်ရောက်ပညာသင်ယူမည့် ကျောင်းသား ကျောင်းသူများ ရရှိနိုင်သော အခွင့်အလမ်းများနှင့် ကျောင်းအပ်လက်ခံဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးက မွေးမြူရေးအထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ရှင်းလင်းဆွေးနွေးပြီး အခြေခံပညာဦးစီးဌာန မုံရွာခရိုင်ဦးစီးမှူးက စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ KG+9 အောင် ကျောင်းသားကျောင်းသူများ တက်ရောက်နိုင်ရေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသားမိဘများက သိရှိလိုသည်များ စိတ်ပါဝင်စားစွာ မေးမြန်းဆွေးနွေးကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။



အဆိုပါအဖွဲ့သည် ညနေပိုင်းတွင် အ.ထ.က(၂) အလုံ၊ မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း ဖွင့်လှစ်မည့် အခြေအနေနှင့် KG+9 အောင် ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်ရေးနှင့် တက်ရောက်ပညာသင်ယူမည့် ကျောင်းသား ကျောင်းသူများ ရရှိနိုင်မည့်အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသားမိဘများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းသို့ တက်ရောက်ပညာသင်ယူလိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းအပ်နှံရေးနှင့် ကျောင်းတက်ရောက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းလိုပါက သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးဦးစီးဌာနနှင့် အခြေခံပညာကျောင်းများတွင် ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ပါကြောင်းနှင့် ကျောင်းဝင်ခွင့်လျှောက်လွှာများကို စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များ တွဲဖက်သင်ကြားမည့် အ.ထ.က(၂)အလုံ၊ မုံရွာမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၅ ရက်မှ စတင်ထုတ်ယူပြီး မေ ၁၈ ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် ကျောင်းများသို့ လျှောက်လွှာတင်သွင်းနိုင်ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅-၅-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၄၁၅၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၄၀၃၃၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၄၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၀၅ ကျပ် | ၁၈၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၈၈၅ ကျပ် | ၁၉၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၇၅ ကျပ် | ၁၉၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၄၅ ကျပ် | ၁၉၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၃၁၅ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၈၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၂ . ၂၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၆၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၃ . ၂၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၃ . ၈၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၆၉၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၃၉၃ | ၃၁၉၉၃၀၀ |
| MTSH | ၂၈၀၀ | ၂၈၅၀ | ၃၈၉၇ | ၁၀၉၇၀၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၈၃၆ | ၁၂၅၂၂၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၃၂ | ၈၃၀၀၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၃၀ | ၇၆၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ပုသိမ်ကြီးမြို့နယ် “အောင်သပြေ”ရွှေဆိုင်နှင့် ပြည်ကြီးတံခွန်မြို့နယ် “ထိပ်တန်း”ရွှေဆိုင်တို့အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သည့် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နာရီစင်အနီးရှိ “အောင်သပြေ”ရွှေဆိုင်သို့ (စိစစ်ဆဲ) အမျိုးသား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ပစ္စတိုတစ်ချက် မိုးပေါ်သို့ ပစ်ဖောက်ကာ ရွှေဆိုင်အတွင်း ဝင်ရောက်ပြီး ဆိုင်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေဆွဲကြိုးမျိုးစုံ အကုံး ၈၀၊ ရွှေလက်စွပ်မျိုးစုံ အကွင်း ၂၀၀ နှင့် ဟမ်းချိန်း အကွင်း ၆၀ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၁၅၀၀ ခန့်အား ဓားပြတိုက်လုယက် ယူဆောင်သွားခဲ့သည်။

အလားတူ ၂၀၂၃ ခုနှစ် ဧပြီ ၁၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် စက်မှုဈေး အနီးရှိ “ထိပ်တန်း” ရွှေဆိုင်သို့ (စိစစ်ဆဲ) အမျိုးသား လေးဦးသည် ပစ္စတိုနှစ်လက် ကိုင်ဆောင်၍ ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများကို လက်နက်ဖြင့် ခြိမ်းခြောက်၍ ရွှေလက်ကောက် ၃၀ ကျပ်သား၊ ရွှေဆွဲကြိုး ၇၀ ကျပ်သား၊ ရွှေနားကပ် အရံ ၅၀၊ ရွှေကလစ် ၁၀ ခု၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ်သိန်း ၂၇၀၀ ခန့်အား ဓားပြတိုက်လုယက် ယူဆောင်သွားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသော အကြမ်းဖက်ဓားပြတိုက် လုယက်မှုများကို မလိုလားသည့် ဒေသခံပြည်သူလူထုက မဟာအောင်မြေမြို့နယ် ကမ်းနားလမ်း ၄၀x၄၁ လမ်းကြား ရတနာပုံသဘော်ာကျင်းအနီးတွင် နေထိုင်သူ **မျိုးနိုင်ဝင်း (ခ)နိုင်ဝင်း** သည် အလုပ်အကိုင် အတည်တကျမရှိဘဲ ငွေကြေးများ အလွန်အကျွံသုံးစွဲနေခြင်း၊ အဖိုးတန် အသုံးအဆောင်ပစ္စည်းများ ဝယ်ယူဝတ်ဆင်နေခြင်းများ ပြုလုပ်လျက်ရှိကြောင်း လျှို့ဝှက်သတင်းပေးပို့ခဲ့သဖြင့် ၂၀၂၃ ခုနှစ် မေ ၂ ရက် မွန်းလွဲပိုင်းတွင် တရားခံ **မျိုးနိုင်ဝင်း(ခ)နိုင်ဝင်း** အား “အောင်သပြေ” ရွှေဆိုင်မှ ဓားပြတိုက်လုယက် ယူဆောင်ခဲ့သည့် **ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေနားကပ် တစ်ရံ၊ ရွှေလက်စွပ် တစ်ကွင်း စုစုပေါင်း ကာလတန်ဖိုး ၁၈ သိန်းခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။**

ဖမ်းဆီးရမိ တရားခံ **မျိုးနိုင်ဝင်း (ခ) နိုင်ဝင်း၏** ထွက်ဆိုချက်အရ မေ ၃ ရက် မွန်းလွဲပိုင်းတွင် ဓားပြတိုက်လုယက်ရာတွင် ခေါင်းဆောင်ခဲ့သူ **ပိုင်လင်းခန့်(ခ) ကိုပိုင်** အား ဝမ်းတွင်းမြို့နယ် အမှတ်(၂)ရပ်ကွက် မြို့ဝင်ဘီးခွန်ကောက်ခံသော နေရာတွင်လည်းကောင်း၊ ဓားပြတိုက်လုယက်မှုများ ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် **ဇော်မင်းထက် (ခ)အပုနှင့် ခန့်ညီညီ(ခ)ခန့်ညားလွင်** တို့ကို မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် မြို့ပတ်လမ်း ၃၇x ၃၈ လမ်းကြားရှိ R1 KTV အနီး၌ “အောင်သပြေ”ရွှေဆိုင်မှ ဓားပြတိုက်လုယက် ယူဆောင်ခဲ့သည့် **ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေနားကပ် လေးရံ၊ ရွှေလက်စွပ် နှစ်ကွင်း၊ ငွေကျပ်သိန်း ၆၀ တို့နှင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။**

ဖမ်းဆီးရမိ **တရားခံ ပိုင်လင်းခန့်(ခ)ကိုပိုင်** ၏ ထွက်ဆိုချက်အရ ဓားပြတိုက် လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းနှင့် ငွေကြေးများကို ၎င်း၏မိခင် တင့်တင့်ထွေး ထံတွင် အပ်နှံထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက်တွင် မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်ရှိ တရားခံ **ပိုင်လင်းခန့်(ခ)ကိုပိုင်** ၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ **တင့်တင့်ထွေးနှင့် ပိုင်လင်းခန့်(ခ) ကိုပိုင်နှင့်** တရားမဝင် ပေါင်းသင်းနေထိုင်သူ **မေရီ** တို့ကို ဓားပြတိုက် လုယက်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ပွိုင့်-၃၈၀ ကျည် နှစ်တောင့်၊ ငွေကျပ် သိန်း၂၀၀၊ ရွှေထည်ပစ္စည်း မျိုးစုံ ၁၆ ခု (ကာလတန်ဖိုး ၆၁ သိန်း ၉ သောင်းကျပ်)တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


ဖမ်းဆီးရမိတရားခံ **တင့်တင့်ထွေး** ၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက် ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများကို “စိန်မြင့်မိုရ်”ရွှေဆိုင်နှင့် “မန္တလာရွှေစင်” ရွှေသန့်စင်ဆိုင်များကို သွားရောက်ရောင်းချခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက် မွန်းလွဲပိုင်းတွင် “စိန်မြင့်မိုရ်” ရွှေဆိုင်ပိုင်ရှင် **ချစ်ဦးနှင့်** “မန္တလာရွှေစင်” ရွှေသန့်စင်ဆိုင် ပိုင်ရှင် **ထွန်းဝင်း** တို့ကို “ထိပ်တန်း” ရွှေဆိုင်မှ ဓားပြတိုက် လုယက်ယူဆောင်သွားသော ရွှေထည်ပစ္စည်းများအား ပုံစံဖျက်ထားသည့် ရွှေအလေးချိန် ၁၈ ကျပ်သားခန့် (ကာလတန်ဖိုး ငွေကျပ် ၅၃၂ သိန်းခန့်) တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူဖမ်းဆီးရမိတရားခံ ခန့်ညီညီ(ခ) ခန့်ညားလွင် ၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့် ရွှေထည်ပစ္စည်းများအား “ဝင့်ထည်ဝါ” ရွှေကောက်လုပ်ငန်း၊ “စိန်ရွှေမြ” ရွှေကောက်လုပ်ငန်းနှင့် “အောင်ပြည့်ဖြိုး” ရွှေကောက်လုပ်ငန်းများထံ သွားရောက်ရောင်းချခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် မေ ၄ ရက် ညနေပိုင်းတွင် “ဝင့်ထည်ဝါ” ရွှေကောက်လုပ်ငန်း ပိုင်ရှင် **အောင်ရဲနိုင်ဝင်း၊** “စိန်ရွှေမြ” ရွှေကောက်လုပ်ငန်းပိုင်ရှင် **မြသဥ္ဇာ** နှင့် “အောင်ပြည့်ဖြိုး” ရွှေကောက် လုပ်ငန်းပိုင်ရှင် **ဝင်းနိုင်(ခ)ရခိုင်ကြီး** တို့အား ငွေကျပ်သိန်း ၅၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ပိုင်လင်းခန့်(ခ) ကိုပိုင်၊ တင့်တင့်ထွေး နှင့် မေရီတို့**သည် မန္တလေးမြို့အတွင်း ဓားပြတိုက်လုယက်မှုများ ဆောင်ရွက်ရန်အတွက် ပစ္စတိုတစ်လက်အား ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် မြစ်ကြီးနားမြို့သို့ သွားရောက်၍

*စာမျက်နှာ ၂၀ သို့*

မန္တလေးမြို့ပေါ်ရှိ “ အောင်သပြေ” ရွှေဆိုင်နှင့် “ ထိပ်တန်း” ရွှေဆိုင်တို့အား ဓားပြတိုက်လုယက်သူများ ဖမ်းဆီးရမိမှု အခြေပြဇယား





၂၂ - ၁၂ - ၂၀၂၂ ရက်က ဓားပြတိုက်ခံရသည့် ပုသိမ်ကြီးမြို့နယ် နာရီစင်အနီး “အောင်သပြေ” ရွှေဆိုင်နှင့် ဓားပြတိုက်သည့် CCTV မှတ်တမ်းဓာတ်ပုံ။





၁၉-၄-၂၀၂၃ ရက်က ဓားပြတိုက်ခံရသည့် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် စက်မှုဈေးအနီးရှိ “ထိပ်တန်း”ရွှေဆိုင်နှင့် ဓားပြတိုက်သည့် CCTV မှတ်တမ်းဓာတ်ပုံ။





ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများနှင့် သိမ်းဆည်း ရမိခဲ့သည့် လက်နက်/ခဲယမ်း၊ ငွေကြေးနှင့် ရွှေထည်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာဘာသာနှင့် ရိုက်နှိပ်ထားသော ၂ ဆူပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ပိဋကစာကြည့်တိုက်(အိမ်တော်ကြီး)(၂၈၀×၂၈၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၁၈၅၆ သိန်း |
| ၃။ | ဘုရားဆောင်(၅၄×၃၀×၃၂)ပေ | ၂၉၇၀.၀၀ | ၆ | ၅ | ၁ |
| ၄။ | ဆင်းတုတော်(၄၈×၂၄×၂၉)ပေ | ၄၈၀၀.၀၀ | ၁ | - | ၁ |
| ၅။ | ဓမ္မာရုံဆောင်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၇၅ | ၁ | ၁ | - |
| ၇။ | စင်္ကြံလျှောက်စက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇၂၈၅.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးပြီးရေစီးမြောင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၅.၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအတွင်းရှိဇရပ်ခန်း(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာ့ဟန်ဇရပ်ငယ်အိမ်စည်းနှိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၁ ခန်း | ၉၇ ခန်း | ၃၅၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(ကျောက်မြန်မာမှု) | ၇၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း မိန်းတောင်ကျောက်ကနုတ်ပန်း(ကျောက်မြန်မာမှု) | ၇.၀၀ | ၆၁၂ ခု | ၁၀၄ ခု | ၅၀၈ ခု |
| ၁၆။ | ကျောက်ကြမ်းခင်းခြင်း ၁ ကျင်းနှုန်း | ၈.၅၀ | ၇၇၇၈.၇၅ ကျင်း | - | ၇၇၇၈.၇၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | လျှောက်လမ်း ၈ ပေ ကျောက်ခင်းခြင်း | ၆.၅၀ | ၈၇၇၇ ကျင်း | - | ၈၇၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂၅၇၁၀.၀၂ | ၁ | ၅၇၄၅ သိန်း | ၁၉၉၆၅.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်တူးလုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန် အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၈.၇၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန် အတွင်းအပြင်ဘက်လမ်းရှိခြင်းဖြင့်ကျောက်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၇၃၉၉ စပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၇၃၉၉ စပေ) | ၁၇၁၀.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ခြမ်းပိုင်း(၆၄၈၂ စပေ) | ၂၃၉၄.၂၈ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ခြမ်းပိုင်း(၅၅၅၂ စပေ) | ၂၂၀၈.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောင်းကျောက်ကြမ်းခင်းခြင်း(၃၇၃.၆၅ ကျင်း) | ၈.၅၀ | ၃၇၃.၆၅ | - | ၃၇၃.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းတက်စုန်းတပ်ဆင်ခြင်း | ၂၁.၂၀ | ၄၇ | - | ၄၇ |
| | (စ) အလှဆင်/အမြင့် မီးနှင့်အမြင့်ရေပန်းတပ်ဆင်ခြင်း | | | | |
| | ၁။ အလှဆင်/အမြင့် မီးတပ်ဆင်ခြင်း | ၅၄၀.၀၀ | ၁ | - | ၁ |
| | ၂။ အမြင့်ရေပန်းတပ်ဆင်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေကူးကျောက်မျိုးပိတ်နံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၀၉.၀၀ | ၁၂၅ ခု | - | ၁၂၅ ခု |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာဘာသာ) ရိုက်နှိပ်ထားသော ၂ မျက်နှာစီပါ(Creamy Paper) လှူဒါန်းနိုင်ရေး(၅၀ ကျမ်း(၁၀ အုပ်)တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာဘာသာ) ရိုက်နှိပ်ထားသော ၂ မျက်နှာစီပါ(Bible Paper) လှူဒါန်းနိုင်ရေး(၅၀ ကျမ်း(၁၀ အုပ်)တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၈၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရှိ ဓာတ်အားခွဲရုံများ(ထိန်း/ပြင်)ဌာနခွဲမြေအောက်ဓာတ်ကြိုးဌာနခွဲ ကောင်းကင်ဓာတ်အားလိုင်းဌာနခွဲတို့မှဆောင်ရွက်မည့်လုပ်ငန်းများအတွက်လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၈.၅.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၂၃.၅.၂၀၂၃)ရက်နေ့(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၀၁-၂၂၀၈၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ ကံရိုးကျေးရွာတွင် စက်မှုလက်ယာစနစ်ကျ လယ် ယာမြေကေ (၁၀၀)ဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၅-၅-၂၀၂၃ရက်မှ၅-၆-၂၀၂၃ရက်ထိ

(ခ) တင်ဒါပိတ်မည့်ရက် - ၁၁-၆-၂၀၂၃ရက် ညနေ ၄:၀၀နာရီ

(ဂ) တင်ဒါဖွင့်မည့်ရက် - ၁၉-၆-၂၀၂၃ရက်

(ဃ) တင်ဒါဖွင့်လှစ်မည့်နေရာ - လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးရုံးခန်း၊စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ မုံရွာမြို့ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၇၁-၂၃၇၇၁၊ ၀၇၁-၂၄၉၅၂၊ ၀၉-၂၁၃၀၅၀၁

တင်ဒါခေါ်ယူရေးကော်မတီ

---

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## တောင်ငူမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၉

တပ်သားကျော်မင်း — နှင့် — မမြတ်ဝတ်မှုံ

တရားလို — တရားပြိုင်

ပုသိမ်မြို့၊ ပန်းဆက် ၁၃လမ်းနေ မမြတ်ဝတ်မှုံ(ဘ)ဦးလှဗီး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ်၅၇၉၊ မြေကွက်တည်နေရာအမှတ် ၅၇၉၊ ကြံ့ခိုင်ရေးလမ်း၊ ၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ကြင်လှ(ALN–၁၀၉၂၅၇)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက် ဒေါ်ကြင်လှအား တရားပြိုင်ထားကာ ဒေါ်အေးအေးမွန် ၁၂/ဥကတ(နိုင်)၀၅၃၄၉၄မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘိလစ် ဒေါ်မြင့်မြင့်ကြည် ၁၂/ဒပန(နိုင်)၀၂၈၃၄၂မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၁၀/၂၀၂၂(၃–၁၀–၂၀၂၂)၊ တရားမဇာရီမှုအမှတ် ၁၆/၂၀၂၂(၂၅–၁၁–၂၀၂၂) တရားပြိုင် (ဒေါ်ကြင်လှ)အပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့် အမိန့်၊ နေ့စဉ်မှတ်တမ်း၊ ဘိလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၆၀)ဂရန်တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် လူမနေအဆောက်အအုံအဟောင်း နှစ်လုံးရှိပြီး (တရားနိုင်) ဒေါ်အေးအေးမွန်မှ ကွင်းဆင်းသည်ကိုသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘိလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/9975၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၅၄၇) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅ပေx၅၀ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို ကန်ထရိုက်တာအနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်ဇင်မာစိုး (ကန်ထရိုက်တာ) ၁၂/လမတ(နိုင်)၀၀၀၆၆၆ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဆွေ ၁၂/ဗတထ(နိုင်)၀၂၃၃၇၉ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါ ကျွန်ုပ်တို့ရုံးခန်းသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဘူမောင် (LL.B) (စဉ် – ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်–၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း– ၀၉– ၅၁၁၈၀၀၇၊ ၀၉– ၅၁၁၅၉၉၀၊ ၀၉– ၅၁၈၃၅၆၉**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်) နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့၏ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ် ငွေဖြင့် ဆောင်ရွက်လိုပါသည်–

| စဉ် | တည်နေရာ/အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | **ဆောက်လုပ်ရေး** ဆေးဝါးစက်ရုံ(အင်ရောင်း) | (၁)မျိုး |
| | (၁) Ware House (Steel Structure)(100'x 80'x16') အဆောက်အအုံ တည်ဆောက်ခြင်း | |
| (ခ) | **စက်နှင့်စက်ပစ္စည်း** ဆေးဝါးစက်ရုံ(အင်းစိန်) | (၃) မျိုး |
| | (၁) Spare Parts for Chiller (200 Ton)( 1 Lot) | |
| | (၂) Bottle Washing, Filling Inserting&Capping Machine with accessories(Complete Set) (1 Set) | |
| | (၃) Room Fumigator (2 Nos) | |

**တင်ဒါစတင်ရောင်းချမည့် ရက်နှင့်အချိန်** – ၈–၅–၂၀၂၃ ရက်၊ ၉:၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၂၂–၅–၂၀၂၃ ရက်၊ ၁၆:၃၀ နာရီ
Website – www.industry.gov.mm
**တင်ဒါပေးသွင်းရမည့်နေရာ** – ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ရုံးအမှတ်(၃၇)၊နေပြည်တော်၊
Email – pfimoi@gmail.com, pfimoi2018@gmail.com

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်–

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)စီမံရေးဌာန**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
ဖုန်း–၀၆၇– ၃၄၀၈၃၇၀၊ ၃၄၀၈၂၇၅၊ ၃၄၀၈၁၄၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၆)၊ ရန်ကုန်မြို့မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်းဆောင်ရွက်မည့် "မော်လမြိုင်မြို့ အနီး နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းသစ် တည်ဆောက်ရေးစီမံကိန်း"၊ "စီမံကိန်းနှင့်မလွတ်ကင်းသည့် ချောင်းများနှင့် တူးမြောင်းများ ရေလမ်းကြောင်းလွှဲခြင်းလုပ်ငန်း"တွင် ရေလွှဲမြောင်းမြေကြီးလုပ်ငန်းနှင့်လိုအပ်သောတည်ဆောက်ရေး ပစ္စည်းများဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** – ၈–၅–၂၀၂၃ ရက်နှင့် ၁၂–၅–၂၀၂၃ ရက်
**တင်ဒါတင်သွင်းရမည့်ရက်** – ၁၇–၅–၂၀၂၃ ရက်မှ ၁၉–၅–၂၀၂၃ ရက် ညနေ (၄:၀၀) နာရီအထိ
**တင်ဒါဖွင့်လှစ်မည့်ရက်** – ၂၆–၅–၂၀၂၃ ရက် (သောကြာနေ့)
**တင်ဒါရောင်းချမည့်နေရာနှင့်– တင်ဒါတင်သွင်းရမည့်နေရာ** ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၆) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ရန်ကုန်မြို့
**တင်ဒါဖွင့်လှစ်မည့်နေရာ** – ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မော်လမြိုင်မြို့

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဖုန်း – ၀၉–၅၀၄၃၃၉၄၊ ၀၉–၄၅၀၀၃၃၄၃၇**

**တင်ဒါကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## သံဖြူဇရပ်မြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၉

ဒေါ်သင်းသင်းလှိုင် **နှင့်** ၁။ ဦးသိန်းအောင်
၂။ ဒေါ်အေးအေးသန်း
အတူနေလင်မယား

**တရားလို** **တရားပြိုင်**

သံဖြူဇရပ်မြို့၊ ပဒိုင်ကြီးရပ်နေ ဦးသိန်းအောင် (ဘ) ဦးစန်းတင်၊ ဒေါ်အေးအေးသန်း (ဘ) ဦးပိန်သေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက စွဲဆိုလွှာပါအတိုင်း ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မေ ၁၂ရက် (၁၃၈၅ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်)မွန်းမတည့်မီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် မေ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးဆန်းအောင်)
**တွဲဖက်မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ငမင်ကျေးရွာနေ ဦးကံကြည်၏သား ဦးမျိုးဇော် ၈/တတက(နိုင်)၁၃၈၂၅၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၄၈၂၂၃၄၇၈**

## ပျောက်ဆုံးကြောင်း

ရဲဝင်းထက်(ဘ) ဦးသန်းဝင်း ၉/ပဘန(နိုင်)၁၉၉၄၀၅၏ နိုင်ငံကူးလက်မှတ် MC–982019 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၈၉၈၁၅၆၅၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၅၃၃၀၇ Honda Wave 125 ယာဉ်လက် ဝယ်ရှိသူ ဒေါ်နီလာဝင်း ၆/ထဝန (နိုင်)၀၆၅၅၀၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၄၆၆၄ Dong Fang ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းသိန်း ၆/ထဝန(နိုင်)၀၈၂၄၃၀က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၁၉၈၈၃ Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဗိုလ်ဗိုလ်ဟံ ၅/ဘတလ(နိုင်)၀၈၈၇၈၂က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၇၆၈၅၀ Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွေး ၆/ထဝန(နိုင်)၀၀၀၀၉၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/90538 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းသန်း ၁၄/ဟသတ (နိုင်) ၀၄၅၉၀၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/17881 Honda Click 125 ယာဉ်လက် ဝယ်ရှိသူ ဦးအောင်ဝင်းသန်း ၁၄/ဟသတ(နိုင်)၀၄၅၉၀၁က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟင်္သာတ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/5817 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁/ခ–၁၄၊ မြေကွက်တည်နေရာအမှတ်(၉)၊ ကမ်းသာယာလမ်းသွယ်(၃)လမ်း၊ ငွေကြာရံရိပ်သာ၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ခင်ခင်ဥ (BV–011083) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်ခင်ဥ (မိခင်)နှင့် ဦးခင်မောင်ဆွေ(ဖခင်)တို့ ကွယ်လွန်သဖြင့် မွေးဖွား သား/သမီး ငါးဦးအနက် သားတစ်ဦးဖြစ်သူ ဦးရဲမင်းသူ ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်ကေသီအောင် ၁၂/အစန(နိုင်)၀၆၅၉၃၁နှင့် ကျန်သား/သမီးများဖြစ်ကြသော ဒေါ်ပပဝင်းဆွေ ၇/ပတန(နိုင်)၀၀၀၈၈၆၊ ဦးထိန်လင်း ၇/ပတန(နိုင်)၀၀၉၄၉၆၊ ဦးမိုးသက် ၇/ပတန(နိုင်)၀၀၀၀၀၁၊ ဒေါ်နုနုခင် ၇/ပတန(နိုင်)၁၀၂၆၃၅တို့မှ သား/သမီးများနှင့် ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## Land Lord Hotel Co.,Ltd

အောက်ဖော်ပြပါ သွင်းကုန်လိုင်စင်နံပါတ်များနှင့်တင်သွင်းထားသော သွင်းကုန်ကြေညာလွှာ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်-

| Licence/BL Date | Lincence no | Licence/BL Date | Lincence no |
|---|---|---|---|
| 22-7-2016 | IL2 16 170 983 | 4-3-2018 | YGNIL2 17-18 0328 |
| 22-7-2016 | IL2 16 170 983 | 19-12-2017 | YGNIL2 17-18 0245 |
| 7-10-2016 | IL2 16 171387 | 4-2-2018 | YGNIL2 17-18 0245 |
| 7-10-2016 | IL2 16171387 | | YGNIL2 17-18 0245 |
| 7-10-2016 | IL216 171386 | 11-11-2017 | YGNIL2 17-18 0245 |
| 7-10-2016 | IL216 171386 | 12-3-2018 | YGNIL2 17-18 0345 |
| 7-10-2016 | IL216 171386 | | |
| 26-11-2017 | YGNIL2 17-18 0241 | | |
| 17-12-2017 | YGNIL2 17-18 0328 | | |
| 27-12-2017 | YGNIL2 17-18 0328 | | |
| 6-1-2018 | YGNIL2 17-18 0328 | | |
| 6-2-2018 | YGNIL2 17-18 0328 | | |

## ရွှေအိုးအမည်နှင့်ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

မြန်မာနိုင်ငံဆန်စပါးလက်ကားကုန်သည်များအသင်း (ကုန်စည်ဒိုင်)၊ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့၏ တရားဝင်အသင်းသားဖြစ်သူဦးမျိုးအောင် ၁၂/လမတ(နိုင်) ၀၁၃၇၂၆ သည် အထက်ဖော်ပြပါ **"ရွှေအိုး"**အမည်နှင့်ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ ဆန်နှင့်ဆန်ထွက်ပစ္စည်းအမျိုးမျိုးကိုမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၇-၇-၂၀၀၉ ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် IV - ၅၅၁၂/၂၀၀၉ ဖြင့် မိမိတစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီး၊ အဆိုပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားနှင့်ပတ်သက်၍ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပပြုလုပ်ခြင်း၊ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချခြင်းမပြုလုပ်ရန် ၁၀-၈-၂၀၀၉ ရက်တွင် ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်အား မြန်မာ့အလင်းသတင်းစာမှ ကြေညာခဲ့ပြီးဖြစ်ပါသည်။

အထက်ပါရွှေအိုးအမည်နှင့်ကုန်အမှတ်တံဆိပ်အားအသုံးပြု၍ ဆန်နှင့်ဆန်ထွက်ပစ္စည်းအမျိုးမျိုး၊ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းအမျိုးမျိုးတို့အား အမှတ်၂၃၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကုန်မြို့၌ ဖွင့်လှစ်ထားသော **"ရွှေအိုး"** ဆန်ဆိုင်မှမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး **"ရွှေအိုး"** အမည်ဖြင့်ယနေ့အချိန်ထိဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိကြောင်းနှင့် မည်သူမဆို **"ရွှေအိုး"** အမည်နှင့်ကုန်အမှတ်တံဆိပ်အမှတ်အသားတို့အား ဆန်နှင့်ဆန်ထွက်ပစ္စည်းရောင်းချရာတွင်တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသအားသွယ်ဝိုက်၍ဖြစ်စေသုံးစွဲခြင်းမပြုကြရန်နှင့် အရောင်အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဆင်တူယိုးမှားထင်ယောင်ထင်မှားတုပပြုလုပ်၍ထုတ်လုပ်ခြင်း၊ တည့်ခင်းရောင်းချဖြန့်ဖြူးခြင်း၊ လူမှုကွန်ရက်များပေါ်၌ Page ထောင်၍ ရွှေအိုးဆိုင်ခွဲများအဖြစ်ကြေညာ၍ ဆန်ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့်အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သီတာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၇/၂၀၁၀)**
**အမှတ် -၂၈၄၊ ဥဒ္ဒနာ(၃) လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၀၂၂၀၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၂၂)လမ်း၊ မြေကွက်အမှတ် (G ၂၅၇) ဟုခေါ်တွင်သော ဦးကျော်တင့် အမည်ပေါက် အလျား x အနံ (၄၀x၆၀)ပေ အကျယ် မြေကွက်နှင့် ယင်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးစည်သူထွန်း ၁၂/သခန(နိုင်) ၀၉၈၁၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပြုံးပြုံးကြည် ၁၂/သဃက(နိုင်) ၀၀၂၅၉၄က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇာနည် (LL.B, D.B.L)** **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)**
**(စဉ် - ၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **(စဉ်-၅၀၈၅၄)**
**အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများသိရှိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်မြို့သစ်၊ (၁၉)လမ်းတွင်တည်ရှိသော အိမ်ဝင်းမြေကွက်အမှတ်(၃၁)၊ ဧရိယာ ၀ ဒသမ ၀၇၉ကေ၊ အလျား(၈၀)ပေ၊ အနံ(၄၃)ပေ အကျယ်အဝန်းရှိသည့် အရှေ့လားသော်-ကျေးဖူးရှင်ကျောင်း၊ အနောက်လားသော်-ပေ(၄၀)လမ်း၊ တောင်လားသော်-ပေ(၂၀)လမ်း/၉၀၊ မြောက်လားသော်-(၁၉)လမ်း ဤနယ်လေးရပ်အတွင်း တည်ရှိသည့် မြေကွက်သည် ၂၀၂၃ ခုနှစ်မှ စတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးရွှေ ၅/ကနန(နိုင်)၀၀၇၁၈၈ လက်ထိလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် အထောက်အထား စာရွက်စာတမ်းများ လိုအပ်ချက်များ ရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများ ရှိခဲ့ပါက သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၂၄-၅-၂၀၂၃ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါ ဝင်းခြံမြေကို ဥပဒေနှင့်အညီတရားဝင်ပိုင်ရေးပိုင်ခွင့်ရှိစေရန်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဒေါ်မိုးရွှေ )** **ဦးသန်းထွန်းအောင်(B.A, H.G.P, Dip Account:)**
**အထက်တန်းရှေ့နေစဉ်(၁၉၈၇၁)**
**အိမ်အမှတ်-(၁၄၅)၊ (၄)လမ်း၊ ရန်ကင်းရပ်၊ မုံရွာမြို့၊**
**ဖုန်း-၀၇၁-၂၆၀၁၆၊ ၀၉-၄၃၁၅၄၂၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ကုလားကြီးစုရပ်ကွက်၊ မြေတိုင်းအမှတ် (သကမ-၁)၊ မြေကွက်အမှတ် (၇၆၄/က)၊ ဗိုလ်ရှိန်း(၁)လမ်း၊ ပါမစ်မြေအမျိုးအစား အမည်ပေါက် ဦးဇော်ဇော်အောင်၊ မြေပေအကျယ်ပေ(၂၀x၆၀)ဟုခေါ်တွင်သော အိမ်ခြံမြေနှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမင်းမင်း(ဘ)ဦးစန်းမောင် ၁၂/သကတ(နိုင်)၁၈၉၇၁၈က အမည်ပေါက် ဦးဇော်ဇော်အောင်ထံမှ GP ရယူပြီး အရောင်းအဝယ်အား တာဝန်ယူဆောင်ရွက်ရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်မာဦး ၁၂/သကတ(နိုင်)၁၃၆၆၂၀ မှ အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်ရန် ခိုင်လုံသောအကြောင်းပြချက်ရှိပါက စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်၍ ပြီးဆုံးအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လွင်မာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဇင်မြင့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၁၂၉)**
**အမှတ်(၄၇၂/က)၊ အောင်မင်းခေါင်(၄)လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း -၀၉ - ၇၈၈၄၉၉၁၇၀၊ ၀၉ -၉၇၈၅၅၈၄၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈ (သမိုင်း)၊ မြေကွက်အမှတ် - ၁၆/က-၁-က A၊ ဧရိယာ (၀.၃၅၆) ဧက၊ မြေအမျိုးအစား - B မြေပိုင်မြေ (အိမ်ယာမြေဝန်ခံချက်ထုတ်ပေး) မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၁၉/ဘီ)၊ ပြည်ရိပ်သာလမ်းသွယ်၊ ၆-ရပ်ကွက်၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ် တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် **ဦးအောင်လင်းဟိန်း (၁၂/လသန (နိုင်) ၀၂၁၅၅၇)** က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဘိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးသန့်ဇော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ဦးညွှန့်စိန် ၁၂/ပဘတ(နိုင်) ၀၁၅၇၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကုန်စျေးတန်းလမ်း၊ အမှတ်-၁၂၇(မြေညီထပ်)၊ အကျယ်အဝန်း(၁၂ ပေx၆၀ပေ)ရှိတိုက်ခန်းနှင့် ထပ်ခိုးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညွှန့်စိန်မှ ဒေါ်ညွှန့်မေ ၁၂/လသန(နိုင်)၀၀၇၃၂၈နှင့် ဒေါ်ညွှန့်မော် ၁၂/ပဘတ(နိုင်)၀၀၇၄၈၇ တို့ထံမှ ၄-၅-၂၀၂၃ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး ရောင်းဖိုးငွေအားလုံးကို အပြည့်အဝပေးချေပြီး တိုက်ခန်းအား လက်ဝယ်လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးတည်းပိုင်တိုက်ခန်းဖြစ်ပြီး ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ အကယ်၍ ပြုလုပ်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်ဆုဝေ (LL.B)** **ဒေါ်မိုးမီမီခိုင် (LL.B)**
**(၅၃၃၆၉/၂၀၂၀)** **(၅၃၄၉၁/၂၀၂၀)**
**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း) ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၀၀၂၈၁၀၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အဘ ဦးကျော်သောင်း ၁၂/မဂဒ(နိုင်)၀၂၀၄၅၂ နှင့် အမိ ဒေါ်အေးအေးမူ ၁၂/မဂဒ(နိုင်)၀၄၄၈၇၄ တို့၏သမီး မမှူးရည်သောင်း ၁၂/အစန(နိုင်) ၂၂၅၃၁၆ သည် မိဘတို့၏ဆိုဆုံးမမှုအား နာခံမှုမရှိသည့်အပြင် မိဘတို့၏ ခွင့်ပြုချက်မရှိဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသဖြင့် မမှူးရည်သောင်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့်နောက်နောင် မမှူးရည်သောင်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ မိမိတို့အနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သောင်း** **ဒေါ်ခင်ဖုန်း(စဉ် - ၁၆၇၃၃)**
**ဒေါ်အေးအေးမူ** **တရားလွှတ်တော်ရှေ့နေ**
**တိုက်အမှတ်(B/2)၊ အခန်းအမှတ်(၅၀၅)၊**
**စံပြချမ်းမြေ့အိမ်ရာဝင်း(၁)၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၉၇၁၈၉၀၃၇၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဖေဦး၏သား ပင်လောင်းမြို့၊ အထက(၂)၊Grade-8 အောင်မှ စိုင်းလောဝ်ဆိုင်(ခ) မောင်ဝင်းချစ်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**စိုင်းလောဝ်ဆိုင်(ခ) မောင်ဝင်းချစ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/1784 Nissan Diesel ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တောင်ကြီး**

## ပြောင်းလဲခေါ်ပါရန်

ဖျာပုံမြို့၊ အမှတ် ၁၈ ရပ်ကွက်နေ ဦးဟံညွှန့်-ဒေါ်စန်းစန်းမော် တို့၏သား မောင်ဝေပိုင် ၁၄/ဖပန(နိုင်) ၂၅၆၁၇၄ အား မောင်စိုးစံလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်စိုးစံလင်း**
**၁၄/ဖပန(နိုင်)၂၅၆၁၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3239 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထက် ၁၂/ဥကတ (နိုင်)၀၂၆၀၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်- ၁၁၆၉/ခ၊ ဧရိယာ(၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်- ၁၁၆၉/ခ၊ ရန်ပြေ(၁၉)လမ်းအရှေ့၊ ၃/ရန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဝင်းမြင့် ၁၂/သကတ(နိုင်)၀၄၃၄၈၈ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား တရားလို ဒေါ်ခင်ခင်လေးမြင့်(ခ)ဒေါ်ခင်လေးမြင့်မှ တရားပြိုင် ဦးဝင်းမြင့်အပေါ် သာကေတမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၃၈/၂၀၂၂) ဖြင့် ပဋိညာဉ်အတိုင်း တရားဝင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု စွဲဆိုခြင်းအပေါ် အနိုင်ဒီဂရီချမှတ်သည့် ၃၀- ၈- ၂၀၂၂ ရက်စွဲပါ စီရင်ချက်ဒီဂရီ (တာဝန်ခံမိတ္တူမှန်)၊ တရားမဇာရီမှုအမှတ်(၂၈/၂၀၂၂)ဖြင့် ဘီလစ်ခန့်အပ်သည့် ၂၇-၉-၂၀၂၂ ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံမိတ္တူမှန် သာကေတမြို့နယ်တရားရုံးမှ ၂၇-၉-၂၀၂၂ ရက်စွဲပါစာအမှတ် - ၈၀၁/ဇာရီ-၂၈/၂၀၂၂ ဖြင့် တရားရုံးကိုယ်စား တရားရုံး အရာရှိအဖြစ် ဘီလစ် မိုးပပမျိုးက လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေခွန်ပြေစာတို့တင်ပြ၍ တရားရုံး ဘီလစ် ဒေါ်မိုးပပမျိုး ၁၂/ဥကတ(နိုင်)၁၄၈၈၅၇ မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ အမှတ်(၇၉၉၊ ပန်းပဲတန်း)၊ ဦးပိုင်အမှတ် (၈/၈၇)၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ ဝင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်နေ ဦးအောင်ဖုန်း (ဘ) ဦးဘကြွယ် အမည်ပေါက် ပါမစ်မြေဖြစ်ပြီး၊ ဦးအောင်ဖုန်းမှာ လွန်ခဲ့သော နှစ်(၂၀)ကျော်က ကွယ်လွန်သွားခဲ့ရာ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးတင်ဖေ ၅/စကန(နိုင်) ၀၂၇၅၉၀ မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံ၍ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်မာစွာဖြင့် လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိရာ ယခုအခါတွင် အဆိုပါဝင်းမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြော်ငြာပါသည့်ရက် မှစ၍ (၁၄)ရက်အတွင်း တရားဝင်အထောက်အထား ခိုင်မာစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်သန်း ၏လွှဲအပ်ချက်အရ-**
**ဦးထက်အောင်သန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၃၄)**
**ယက္ခန်းကျောင်းလမ်း၊ ဒေါနခြံရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း- ၀၉-၄၃၀၄၀၈၅၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ အင်းကုန်းကျေးရွာနေ ဦးအောင်မြင့် ၁၃/ရငန(နိုင်)၀၀၉၈၁၈ -ဒေါ်ခင်နွယ်လင်း ၁၃/ရငန(နိုင်)၀၀၉၈၁၉ တို့၏သား မောင်ကျော်မောင်မောင်လွင် (ခ)ကိုသားသား ၁၃/ရငန(နိုင်)၀၀၀၀၂၃ သည် မိဘနှင့် မိသားစုများ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နှင့် ၎င်း၏ပြုမူလုပ်ဆောင်မှုများသည် မိဘများနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်-ဒေါ်ခင်နွယ်လင်း**

## ဦးမောင်ပြော့
## (B.Ag)ကျောင်းသားဟောင်း
## အမှတ်(၃) ဒေသကောလိပ်ဆရာဟောင်း
## အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆) ရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ် ၃၁၃နေ (ဒေါ်သင်းသင်းစိုး)၏ ခင်ပွန်း၊ သားသမီး(၃)ယောက်၏ မွေးသဖခင် ဦးမောင်ပြော့ သည် ၄-၅-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၃:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၃ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးဇော်ဇော်အောင်(ခ)ဦးကျော်စိုးဝင်း
## အသက် (၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးဘဖြူ-ဒေါ်စိန်သက်)၊ (သီရိပုံချီ ဦးသန်းစိန်-ဒေါ်သိန်းနှစ်)တို့၏မြေး၊ (ဦးတင်အောင်)-ဒေါ်မေသက်မူတို့၏သားထွေး၊ ဦးအောင်ကျော်ဦး-ဒေါ်နီလာမြင့်၊ ဦးကျော်သူနိုင်(အောင်ဇမ္ဗူလင်းပွဲရုံ)-ဒေါ်သန္တာမွန်းတို့၏ညီ၊ မောင်ဘုန်းကျော်ဦး (USA)၊ မောင်ကျော်ဇေယျ-မခင်ဥမ္မာကျော်တို့၏ ဦးလေး၊ မောင်အောင်ဘုန်းကျော်၏ အဘိုးလေး ဦးဇော်ဇော်အောင်သည် ၂၀၂၃ ခုနှစ် မေ ၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြင့်မြင့်နိုင်(ခ)မပေါက်
## အသက်(၅၈)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းလွင်)-ဒေါ်ခင်ညွန့်တို့၏ သမီးချွေးမ၊ (ဦးကျင်စိန်-ဒေါ်စန်းရင်)တို့၏သမီး၊ ဒေါ်မြင့်မြင့်ကြူ-(ဦးသန်းထွဋ်မော်)၊ဒေါ်သန်းသန်းအေး-ဦးအောင်မြင့်စိုးတို့၏ညီမ၊ ဦးညွန့်ဦး၊ ဒေါ်စန္ဒာတို့၏အစ်မ၊ ရန်ကုန်မြို့၊ ခြံအမှတ် ၆၃၆ ဘီ၊ နီလာ ၂လမ်း၊ (၅)ရပ်ကွက်၊ အရှေ့ဒဂုံ မြို့နယ်နေ ဦးဇော်လွင်ဦး၏ ချစ်လှစွာသော ဇနီး၊ ဦးဇေယျာဦး-ဒေါ်အိန္ဒြာကျော်၊ ချောကလျာလွင်၊ ထက်ထက်ရတနာဦး၊ ဆက်နိုင်ဦးတို့၏မိခင်၊ မောင်အာကာထွဋ်ခေါင်၏အဘွားသည် ၃-၅-၂၀၂၃ရက် နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၃ ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဦးကျော်နိုင်ဦး၏သမီး မရွှေပန်းချီ(ခ)မပိုပိုချစ်၏ အမည်မှန်မှာ မကလျာဦး ဖြစ်ပါကြောင်း။

**မကလျာဦး**

## အမည်ပြောင်း

ဦးမျိုးမင်းထွန်း၏သား၊ မြိတ်မြို့၊ အထက(၅)၊ နောက်လယ်ကျောင်း၊ ဒုတိယတန်းမှ မောင်အာကာမင်းအုပ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ထွဋ်ခေါင်ကိုဖြစ်ပါကြောင်း။

**မောင်ထွဋ်ခေါင်ကို**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၁နှင့် ၅)
## သံဖြူဇရပ်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၅

| | | |
|---|---|---|
| မခင်ထက်မိုးဦး | နှင့် | ဒေါ်နုနုထွေး |
| တရားလို | | တရားပြိုင် |

သံဖြူဇရပ်မြို့၊ လမ်းမပိုင်း၊ ကွမ်သတ်ကျေးရွာရပ်နေ ဒေါ်နုနုထွေး(ဘ) ဦးဘရှားသိစေရမည်။

သင့်အပေါ်၌ တရားလိုက စွဲဆိုလွှာပါအတိုင်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် မေ ၁၂ရက် (၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေ လွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးဆန်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သံဖြူဇရပ်မြို့နယ်တရားရုံး**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ကြည်(မော်လမြိုင်မြို့)
## အသက်(၉၀)နှစ်

ကျိုက်မရောမြို့နယ်၊ချောင်းနှစ်ခွမြို့နေ (ဦးထွေး-ဒေါ်မလှိုင်)တို့၏သမီးထွေး၊မော်လမြိုင်မြို့၊ ပျဉ်ထောင်တန်းရပ်နေ(ဦးသိန်းဇံ)သုဓမ္မာစာရအဖွဲ့ ဥက္ကဋ္ဌ ၏ဇနီး၊ ဆရာလေး ဒေါ်ကုသလ(ဒေါ်ခင်ရီ)၊ ဦးဝင်းရွှေ (ထွေဂျာ-မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်သိန်းသိန်းအေး၊ ဒေါက်တာခင်ရွှေ-ဒေါ်ခင်ဇာဝေတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ငါးယောက်တို့၏ အဘွား ဒေါ်ခင်ကြည် သည် ၅-၅-၂၀၂၃ရက် (သောကြာနေ့)နံနက် ၁၁:၃၀နာရီတွင် လူကြီးရောဂါဖြင့် မြောက်ဥက္ကလာပဝေဘာဂီ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ နံနက် ၁၀နာရီ တရားနာ၍ နံနက် ၁၁ နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၂၃ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ် ၉၅၉ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်းဒါယကာကြီး
## ဦးမျိုးအောင် @ Victor Maung
## စာရင်းစစ်မှူး(ငြိမ်း)၊ ECO (1975)
## အသက် (၇၁)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ (၁၄)လမ်း၊ အမှတ် (၁၀၁၅)နေ (ဒုတိယဗိုလ်မှူးကြီး အုန်းမောင်-ငြိမ်း-ဒေါ်တင်နွဲ့အေး) (ကထိက၊ ပညာရေးတက္ကသိုလ်-ငြိမ်း)တို့၏သား၊ ဒုတိယဗိုလ်မှူးကြီးဖုန်းမြင့်(ငြိမ်း)-ဒေါ်ခင်မွှေးတို့၏ညီ၊ ဦးမြင့်ကျော်-ဒေါ်ကြည်ကြည်(ခ)ချယ်ရီမောင်တို့၏အစ်ကို၊ ဒေါ်သန်းသန်းရီ၏ခင်ပွန်း၊ ဦးမျိုးမြင့်စိုး-ဒေါ်ခိုင်မျိုးလတ်၊ ဦးဝေမင်းအောင်-ဒေါ်စမ်းသီတာမျိုးလတ်၊ ဦးစိုးတင့်-ဒေါ်တင်မျိုးလတ်၊ ဦးပြည့်စုံအောင်-ဒေါ်မိုးမိုးဝင်း၊ ဦးတက်တိုးလင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၄-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၀၁:၄၀ နာရီ တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀:၅၅ နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာကို ၁၀-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် လတ်တလောဖြစ်ပေါ်နေသော ကျန်းမာရေးအခြေအနေများကြောင့် ယင်းနေအိမ်၌ မိသားစုဝင်များဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးထွန်းထွန်းဦး
## အသက် (၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ မေတ္တာလမ်း၊ တိုက် B4၊ အခန်း(101)နေ (ဦးကျော်မြင့်ဦး)-ဒေါ်ကြည်ကြည်ထွန်း (U.S.A)တို့၏သားကြီး၊ ဒေါ်နီနီခင်၏ခင်ပွန်း၊ မောင်ဟိန်းနိုင်ဇော်(စင်ကာပူ)၏ဖခင် ဦးခင်မောင်(ညွှန်မှူး-ငြိမ်း-(ဒေါ်မြိုင်မြိုင်)တို့၏သားမက်၊ ဦးမင်းကြည်ဦး-ဒေါ်ပွင့်ဦးအောင် (U.S.A)တို့၏အစ်ကိုကြီး၊ ဦးထွန်းထွန်းဦးသည် ၅-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအသိပေးအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ ရက်လည်ဆွမ်း ကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6562 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6A/9361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၅၉၇၃၆, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၆/ပလန(နိုင်)၀၆၄၉၀၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3B/1372, MAZDA T2000 (WT57) ယာဉ်လက်ဝယ်ရှိသူ ဦးလှစိုး ၆/ကသန(နိုင်)၀၃၉၆၉၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ကော့သောင်း)**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တမုနိန္ဒ
## ဥက္ကဋ္ဌ(ငြိမ်း)
## ဇဟန်းမြို့နယ် သံဃနာယကအဖွဲ့
## သာသနဓဇ ဓမ္မာစရိယ
## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
## သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဇဟန်းမြို့နယ်၊ ငါးထပ်ကြီး(တောင်)ရပ်ကွက်၊ တောင်တွင်းကြီး ပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ချောင်းရိုးကျေးရွာ၊ မဟာကံဦးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ထန်းပင်ချောင်ကျေးရွာ၊ မြတ်ရတနာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက၊ ဇဟန်းမြို့နယ်၊ ကြီးငါးကြီး ဆုတောင်းပြည့် ဘုရားနှင့် ရန်ပြေ မာန်ပြေ မူလ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါ စရိယဖြစ်တော်မူသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဇဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ငြိမ်း) သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂)ဝါရှိ တောင်တွင်းကြီး ပရိယတ္တိစာသင်တိုက်၏ဆရာတော် ဘဒ္ဒန္တမုနိန္ဒ မဟာထေရ်မြတ်သည် (၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်နေ့) ၃-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)ည ၉:၁၀နာရီတွင် ဤဘဝခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းတော်မူသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော် အန္တိမ အဂ္ဂိဈာပန ပူဇော်ပွဲ အခမ်းအနားကို ၁၃-၅-၂၀၂၃ရက် (စနေနေ့) တွင် ကျင်းပပါမည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။

**တောင်တွင်းကြီး ပရိယတ္တိစာသင်တိုက်**
**နာယကနှင့် စာချဆရာတော်များ**
**ဈာပန ကျင်းပရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
## ဘဒ္ဒန္တ သုမနာဘိဝံသ မဟာထေရ်
## သက်တော်(၈၈)နှစ် ၊ သိက္ခာတော်(၆၈)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ နတ်မှော်ကျောင်းတိုက် ဦးစီးပဓာန နာယက သုသမာစာရ ပရိယတ္တိအသင်း၊ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း၊ ဝိနယာနုဂ္ဂဟအသင်း ကျိုက်သလ္လံစေတီတော်၊ မဟာမြတ်မုနိစေတီတော်၊ ဦးဇိနစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါ စရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဩဝါဒါ စရိယ ဖြစ်တော်မူသော ဘဒ္ဒန္တ သုမနာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါ သည် (၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်) ၅-၅-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီး (ကဆုန်လပြည့်ကျော် ၄ ရက်) ၇-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့)တွင် ပျံတော်ဝင် ဈာပနဗိမာန်တော်၌ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

**ဈာပနကျင်းပရေးကော်မတီ**

## ကြော်ငြာစာ

ကော့သောင်းမြို့၊ ရွှေပြည်စိုး(အေးချမ်းမြိုင်)အကွက်သစ်၊ အကွက်အမှတ် (၆၈၄)၊ မြေကွက်အမှတ် (၁၄၇)၊ ပေ(၄၀x၆၀)ရှိ ရေးဦးမြေပေးအမိန့်အား ကော့သောင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဗိုလ်ကြီးနေလင်းအောင် (ကြည်း-၃၂၃၀၅)အမည်ဖြင့် ခွင့်ပြုပေးထားသော မြေပေးအမိန့်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ဒေါ်မိုးဖြူဖြူဖွေးမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူထားရှိခဲ့ပြီး ယခုအခါ မိတ္တူမှန်ကူးယူခွင့်ပြုပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့်သက်သေအထောက်အထားများနှင့်အတူ ကန့်ကွက်လွှာများကို ၆-၅-၂၀၂၃ရက်မှ ၂၀-၅-၂၀၂၃ရက်ထိ ကော့သောင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ရောက်ရှိလာသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်မိုးဖြူဖြူဖွေး ၆/ကသန(နိုင်)၀၆၀၆၁၆ အမှတ် (၃၆၅/ဘီ)၊ ရွှေမင်းဝံ (၄)လမ်း၊ ပိတောက်ရွှေဝါရပ်ကွက်၊ ကော့သောင်းမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၄၉)၊ ဗိုလ်ထွန်းလင်းလမ်း မြေကွက်အမှတ် (၆၄၂)၊ မြေအမျိုးအစား-ဂရန်မြေ၊ မြေအကျယ်အဝန်း ပေ (၄၀x၆၀)ရှိ မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းခြမ်း ပေ (၂၀x၆၀)ရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလဂရန် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထွေးရီ (CE-၀၃၇၀၈၉) ၁၂/ဥကတ(နိုင်)၀၆၄၇၁၁ ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကျင်ဆန်း ၁၂/လမန(နိုင်)၁၄၇၃၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုမာ ၁၂/ဒဂရ(နိုင်) ၀၀၆၁၆၄ သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် KYN/01260, Honda Click 125, ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးစန်း ၃/ဘအန(နိုင်)၂၇၃၇၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ပြည်နယ်ရုံး(ဘားအံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/19322, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော်စံ ၁၄/မအပ(နိုင်)၀၀၀၉၆၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

**သွေးသည် အသက် သင့်သွေးဖြင့် အသက်ကယ်ပါ**

❖ **မည်သည့်အစိုးရ၊ မည်သည့်ခေတ်ပင်ဖြစ်စေ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်သူ Guardian အနေဖြင့် တည်ရှိနေမည်ဖြစ် ...**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြစ်ကြီးနားတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မွန်မြတ်သည့်စိတ်ထားနှင့် တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ဘဝကို ကိုယ်တိုင်တန်ဖိုးထားဂုဏ်ယူပြီး မီးသတ်သမားကောင်းများပီသစွာ နေထိုင်ကျင့်ကြံသွားကြရမည်



နေပြည်တော် မေ ၅

(၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန – ၂ (MICC – II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊

*စာမျက်နှာ ၆ ကော်လံ ၁* ◆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၇) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် မီးသတ်လုပ်ငန်းဆိုင်ရာ ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုစဉ်။

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှ အသက် ၂၂ နှစ်အောက် မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ဘောလုံးပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၅

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားနည်းများအနက် အသက် ၂၂ နှစ်အောက် အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စုအဆင့်ပြိုင်ပွဲများကို ဧပြီ ၂၉ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ၏ အုပ်စု (က)မှ မြန်မာအမျိုးသားဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့သည် မေ ၇ ရက် ညနေ ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ အဆိုပါပွဲစဉ်ကို MRTV HD Channel ၊ MRTV Sports Channel၊ MRTV Parlia–ment Channel၊ MRTV Farmers' Channel နှင့် မြန်မာ့အသံရေဒီယိုတို့က တိုက်ရိုက် Live ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

ယနေ့ သတင်းအညွှန်း

**ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာနှင့် လက်ရှိချန်ပီယံ ဗီယက်နမ် ယနေ့ကစားမည်**
(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စာ ၁၄

**ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀၈ ဦး တွေ့ရှိ**
ပြည်တွင်းသတင်း စာ ၁၇